# မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၀၅)၊ ၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ ၂၇-၆-၂၀၂၄၊ ကြာသပတေးနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပ

## မန္တလေး၊ ရန်ကုန်၊ တောင်ကြီးမြို့တို့တွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းနှင့် ဓာတုပစ္စည်းများဖျက်ဆီး

နေပြည်တော် ဇွန် ၂၆

ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျင်းပပြီး တောင်ကြီးမြို့၊ ရန်ကုန်မြို့၊ မန္တလေးမြို့တို့နှင့် တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုမှ မြို့နယ် ၂၄ မြို့နယ်တို့၌ တစ်နှစ်တာကာလအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများ ဖျက်ဆီးခြင်း အစီအစဉ်များကို ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ တစ်ပြိုင်တည်း ကျင်းပ၍ အထိမ်းအမှတ်နေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ခတ်ပုံ၊ ကွန်ပျူတာ ပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲများအတွက် ဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့ကြသည်။

စာမျက်နှာ ၂၄ သို့ ❍



ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို တောင်ကြီးမြို့၌ မီးရှို့ဖျက်ဆီးစဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၂၆

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇွန် ၂၆

| | | | | |
|---|---|---|---|---|
| ထားဝယ် | ၄ | ဒသမ | ၈၄ | လက်မ |
| ကလေးဝ | ၂ | ဒသမ | ၇၅ | လက်မ |
| ကော့သောင်း | ၂ | ဒသမ | ၆၈ | လက်မ |
| ကျောက်ဆည် | ၂ | ဒသမ | ၆၃ | လက်မ |
| ဘားအံ | ၂ | ဒသမ | ၄၈ | လက်မ |
| ပေါင် | ၂ | ဒသမ | ၄၈ | လက်မ |
| ကိုကိုးကျွန်း | ၂ | ဒသမ | ၄၄ | လက်မ |
| မြိတ် | ၂ | ဒသမ | ၄၄ | လက်မ |

၂၀၂၄ ခုနှစ်၊ ဇွန် ၂၇ ရက် ၊ ကြာသပတေးနေ့ ။

မန္တလေး နေ့စဉ်

# စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေလေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချမှုဝေနိုင်ရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ ကျင်းပပေးလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လူ့အရင်းအမြစ်များကို အခြေခံ၍ တည်ဆောက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းသူ ကျောင်းသား၊ လူငယ်၊ လူရွယ်များအား အဓိကပြုစုပျိုးထောင်၍ ဝိုင်းဝန်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာသင်ခြင်းသည် နိုင်ငံ၏ အနာဂတ်အတွက် မရှိမဖြစ်အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ် ပျိုးထောင်ခြင်းဖြစ်၍ လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန်၊ စာပေလေ့လာဖတ်ရှုနိုင်သည့် ပတ်ဝန်းကျင်များ ဖန်တီးပေးရန် လမ်းညွှန်ထားပါကြောင်း၊ စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတများစွာရရှိနိုင်သဖြင့် စာအုပ်စာပေကိုခင်တွယ်ပြီး တန်ဖိုးထားဖတ်ရှုကြရန်လိုပါကြောင်း၊ စာအုပ်စာပေလေ့လာဖတ်ရှုရာတွင် ဖတ်ရှုရုံသက်သက်မလုပ်ဘဲ ဖတ်သမျှကိုမှတ်သားခြင်း၊ မှတ်သားမိသမျှကိုလည်း ပြန်လည်မျှဝေဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ နောင်တစ်ခေတ်တွင် တိုင်းပြည်က အားကိုးအားထားပြုရမည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဇွန် ၂၅ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာစာကြည့်တိုက် အသစ် ၁၇လုံး ဆောက်လုပ်နိုင်ရေးအတွက် ငွေကျပ်သိန်း ၂၅၅၀နှင့် ဒေသခံပြည်သူများ စာပေဖတ်ရှု လေ့လာနိုင်ရန် ကျေးရွာစာကြည့်တိုက် ၆၀၀အတွက် စာအုပ်စာစောင် ၁၂၀၀၀တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က လက်ခံရယူပြီး ကျေးဇူးတင်ဝမ်းမြောက် စကားပြောကြားသည်။ စာအုပ်၊ စာပေ၏ တန်ဖိုးသည်နက်ရှိုင်းလှသည်။ စာပေအလင်းဖြင့် အမှောင်ကိုခွင်းစေသည်။ စာပေတန်ခိုးဖြင့် လူမျိုးဂုဏ်ကို တင့်စေသည်။ စာပေရနံ့ဖြင့် လူ့စွမ်းအားသယံဇာတကို မြင့်မားရေးအလို့ငှာ နိုင်ငံတစ်ဝန်းကျေးလက်များအထိ စာကြည့်တိုက်များ တည်ထောင်ပြီး အသိပညာဗဟုသုတရစေရေး နိုင်ငံတော်က ဖော်ဆောင်ပေးလျက်ရှိသည်။

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်(၄)ရပ်ဖြစ်သည့် ရပ်နားထားသည့် စာကြည့်တိုက်များအား ပြန်လည်ဖွင့်လှစ်မည့်လုပ်ငန်းစဉ်၊ စာကြည့်တိုက်အသစ်များ တည်ထောင်ဖွင့်လှစ်မည့်လုပ်ငန်းစဉ်၊ ပြည်သူများ စာပေဖတ်ရှုလေ့လာစေရန် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် လုပ်ငန်းစဉ်၊ စာအုပ်စာစောင်များ ဖြန့်ဝေမည့် လုပ်ငန်းစဉ်များကို နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# သတ္တမအကြိမ်မြောက် ဟင်းသီးဟင်းရွက်များထောက်ပံ့



မန္တလေး ဇွန် ၂၆

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (သတ္တမ)အကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနနှင့် စက်ရုံနှင့် မော်တော်ယာဉ်ဌာနတို့တွင် ပြုလုပ်ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူများ ထံမှ သိရသည်။

သတ္တမအကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ကန်စွန်းရွက်(၄၀၀)စည်း၊ ခရမ်းသီး(၄၀၀)ထုပ်၊ ချဉ်ပေါင်ရွက်(၉၅၀)စည်း၊ ရုံးပတီသီး(၈၀)ထုပ်၊ ဖရုံညွန့် (၁၀၀)စည်း၊ ဘူးသီး(၆၂)လုံး၊ ပဲသီးတောင့်(၁၃၀)စည်း၊ ကြက်ဟင်းခါးသီး(၁၀၅)စည်းတို့ကို စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဝန်ထမ်း(၈၅၅)ဦး၊ ဈေးနှင့် သားသတ်ဌာန၊ သားသတ်ခွဲမှုံးရုံးနှင့် သားသတ်ရုံရှိ ဝန်ထမ်း (၅၁)ဦးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနမှ ဝန်ထမ်း(၄၅) ဦးတို့အား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဒုတိယဌာနမှူး ဒေါ်အေးယုကျော်နှင့် တာဝန်ရှိသူများက အချိုးကျခွဲဝေထောက်ပံ့ပေးအပ်ကြရာ သက်ဆိုင်ရာဌာနတာဝန်ခံအရာရှိနှင့် ဝန်ထမ်းများက လက်ခံယူခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀

၀-၀-၀-၀

# ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး အမှိုက်နှင့် မြောင်းစာများ ဆယ်ယူရှင်းလင်း

မန္တလေး ဇွန် ၂၆

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရှည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှလူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် အနိုပ်တော်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၂၁လမ်း ချမ်းမြေ့အောင်လမ်းတောင်ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ လမ်း၆၀နှင့် ၆၂လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ရေနီမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇လမ်းနှင့် ၁၉လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ၁၅လမ်းနှင့် ၁၇လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ပြည်ကြီးမျက်မှန်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၈လမ်း အရှေ့ဘက်ခြမ်း မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၂၇လမ်းနှင့် ၂၈လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် မောရဂီဝါရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၆လမ်း အရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၃၁လမ်းနှင့် ၃၂လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ၆၄လမ်းနှင့် ၆၅လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ မဟာအောင်မြေမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သံလျက်မော်အနောက်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ကန်တော်ကြီးပတ်လမ်းနှင့် ဇရာထွန်း ၉၁H လမ်းဆုံ မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Hitachi ဘက်ဟိုးစက်အသုံးပြု၍ ဆယ်ယူရှင်းလင်းခြင်းနှင့် ၅၉သံလမ်းအနောက်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ ဒိုက်နှင့် နွံစာများကို PC-200 စက်များအသုံးပြု၍ ၄၁လမ်းနှင့် ၄၂လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။

ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်စစ်ဆန်ခါတပ်ဆင်ထားသည့် မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်စာများကို Longarm စက်အသုံးပြု၍ ဆယ်ယူရှင်းလင်းခြင်းနှင့် အောင်ပင်လယ်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ပန်းရံတော်ချောင်းအတွင်းမှ ဒိုက်နှင့် နွံများကို Sunton စက်အသုံးပြု၍ ၁၀၄လမ်းတံတားနှင့် ၁၀၄Aလမ်းတံတားကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် မြို့သစ်(၁)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် သိပ္ပံလမ်းတောင်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Takeuchi-4 ဘက်ဟိုးစက်အသုံးပြု၍ ၆၄လမ်းနှင့် ၆၄Aလမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် (ဈ)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၃၄လမ်းတောင်ဘက်ခြမ်းမြောင်း မြောင်းစာမြေသားများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၅၆Bလမ်းနှင့် ၅၆Cလမ်းကြား၌ တူးဖော်ဆောင်ရွက်ပေးခြင်းနှင့် (စ)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၂၈လမ်းနှင့် ၅၈Cလမ်း မြောင်းအတွင်းမှ မြောင်းစာနှင့် မြေသားများကို Takeuchi ဘက်ဟိုးစက်အသုံးပြု၍ ဆယ်ယူတူးဖော်ခြင်းနှင့် သံပိုက်ပြွန်ချခြင်းနှင့် ၅၁လမ်းအနောက်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၁၂၈လမ်းနှင့် ၁၂၉လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀




မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

* စာမျက်နှာ ၂၄ မှ

ခတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့် ဆုရရှိသူများနှင့် တိုင်းဒေသကြီး အဆင့် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးဆိုင်ရာ ပြခန်းများအား လှည့်လည် ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။

**လှည့်လည်ကြည့်ရှု**

အလားတူ မန္တလေးမြို့တွင် ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်း အစီအစဉ်ကို နံနက် ၈ နာရီ မိနစ် ၅၀ တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်(တောင်) ရပ်ကွက်ရှိ လေယာဉ်ကွင်းအဟောင်း၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မူးယစ်ဆေးဝါးဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယ ရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့် ရဲအရာရှိကြီးများ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံးမှ ရဲဆက်ဆံရေး အရာရှိကြီးနှင့် အဖွဲ့ဝင်များ၊ မန္တလေးမြို့အခြေစိုက် ကောင်စစ်ဝန်ရုံးများမှ ကိုယ်စားလှယ်များနှင့် မိတ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားခြင်း၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၏ သဝဏ်လွှာကို တိုင်းဒေသကြီး မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ စာပေ၊ ဂီတ၊ ခတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း ပိုစတာနှင့် ကွန်ပျူတာပန်းချီ ပြိုင်ပွဲများတွင် ဗဟိုအဆင့် ဆုရရှိသူများနှင့် တိုင်းဒေသကြီးအဆင့် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးဆိုင်ရာ ပြခန်းများအား လှည့်လည် ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။

**ဖျက်ဆီး**

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံအထက်ပိုင်းဒေသများနှင့် အလယ်ပိုင်းဒေသများမှ ဖမ်းဆီးရမိသည့် ဘိန်း ၇၆၆ ကီလိုကျော်၊ ဘိန်းဖြူ ၁၀၈၅ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၅ သန်းကျော်၊ အိုက်စ် ၉၀၀၀ ကျော်၊ ကက်တမင်း ၁၀၁၈ ကီလိုကျော်၊ ဆေးခြောက် ၄၅၈ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါး ၂၁ မျိုးနှင့် ဓာတုပစ္စည်းအမျိုး ၂၀ တို့၏ စုစုပေါင်း တန်ဖိုးငွေကျပ် ၄၁၈ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၁၂၅ ဒသမ ၅၄ သန်း) ကို ဖျက်ဆီးခဲ့သည်။

**(စာမျက်နှာ ၄ တွင် သီးခြားဖော်ပြထားသည်။)**

ယခုနှစ်တွင် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းနှင့် ဓာတုပစ္စည်းများ ဖျက်ဆီးခြင်း အစီအစဉ်များကို ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့နှင့် တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုမှ မြို့နယ် ၂၄ မြို့နယ်တို့တွင် ကျင်းပပြုလုပ်ခဲ့ရာ ဘိန်း ၁၃၆၆ ကီလိုကျော်၊ ဘိန်းဖြူ ၂၁၇၈ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၉ သန်းကျော်၊ အိုက်စ် ၂၃၃၉၃ ကီလိုကျော်၊ ဘိန်းစာမှုန့် ၁၇၇၅ ကီလိုကျော်၊ ဆေးခြောက် ၁၂၅၇ ကီလိုကျော်၊ ကက်တမင်း ၄၁၆၅ ကီလိုကျော်နှင့် ဘိန်းညိုမှုန့် ၁၂ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၇၇ မျိုး စုစုပေါင်း တန်ဖိုး ငွေကျပ် ၁၁၆၃ ဘီလီယံကျော် (အမေရိကန် ဒေါ်လာ ၃၄၉ ဒသမ ၄၄၃ သန်း) တို့ကို ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန် ဦးစီးဌာနနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့က အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်မှုကြောင့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း အများအပြား ဖမ်းဆီးရမိဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

## ကလေးမြို့၌(၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆုချီးမြှင့်ပွဲနှင့် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနား ကျင်းပ

**မုံရွာ ဇွန် ၂၆**

(၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆုချီးမြှင့်ပွဲနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် ယနေ့တွင် ကျရောက်သော (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို




ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ကလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်ဝင်းက ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများအား စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် ဆုရပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီများအား လိုက်လံကြည့်ရှုအားပေးကြသည်။

**မီးရှို့ဖျက်ဆီး**

အဆိုပါ ကလေးမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ပြုလုပ်သော (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများဖြစ်သည့် ဘိန်း၊ ကဖင်း၊ စိတ်ကြွဆေးဝါး၊ အိုက်(စ်) စုစုပေါင်း ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၁၀၂၀၀၀ အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

## ၂၀၂၄ ခုနှစ်၊ အိမ်အကြောင်းအရာနှင့် လူဦးရေစာရင်းကောက်ယူခြင်းလုပ်ငန်းကြိုတင်ပြင်ဆင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂၅ ရက် နံနက် ၁၀ နာရီက ၂၀၂၄ ခုနှစ်၊ အိမ်အကြောင်းအရာနှင့် လူဦးရေစာရင်း ကောက်ယူခြင်းလုပ်ငန်း ကြိုတင်ပြင်ဆင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်က အမှာစကားပြောကြားရာတွင် ၂၀၂၄ ခုနှစ်၊ အိမ်အကြောင်းအရာနှင့် လူဦးရေစာရင်း ကောက်ယူခြင်း လုပ်ငန်းများ စနစ်တကျ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့် အချိန်နှင့်တစ်ပြေးညီ ပြီးစီး နိုင်ရေးတို့ကို ပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်းက လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပြီး အစည်းအဝေး တက်ရောက်လာကြသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။ **(ယာဗုံ)**

အစည်းအဝေးသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချမ်းမြေ့**

ဝ–ဝ–ဝ–ဝ–ဝ

ဝ–ဝ–ဝ

# (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား မန္တလေးမြို့တွင် ကျင်းပ၊ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီး



**မန္တလေး ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ရှမ်းပြည်နယ် တောင်ကြီးမြို့၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပပြီး ယနေ့ ကျရောက်သည့် (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည် (တောင်)ရပ်ကွက်ရှိ လေယာဉ်ကွင်းဟောင်း၌ နံနက်ပိုင်းတွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်း အစီအစဉ်ကို ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်နိုင်သူနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မန္တလေးမြို့အခြေစိုက်တရုတ်ကောင်စစ် ဝန်ချုပ်ရုံးမှ တရုတ်ကောင်စစ်ဝန်ချုပ်နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြား၍ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၏သဝဏ်လွှာကို တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဖတ်ကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာ၊ ပိုစတာ၊ ပန်းချီကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့်ဆုရရှိသူများနှင့် တိုင်းဒေသကြီးအဆင့် ဆုရရှိသူများအား ဆုချီးမြှင့်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ ဧည့်သည်တော်များက မီးရှို့ဖျက်ဆီးသည့် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

၎င်းနောက် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားအား ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအား စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ယနေ့ မီးရှို့ဖျက်ဆီးမှု၌ နေပြည်တော်တိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရထားရဲတပ်ဖွဲ့တို့မှ ဖမ်းဆီးရမိခဲ့သော မူးယစ်ဆေးဝါးများဖြစ်သည့် ဘိန်း ၇၆၃ ဒသမ ၈၂ကီလို၊ ဘိန်းဖြူ ၁၀၈၅ ဒသမ ၈၅ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၅သန်းကျော်၊ အိုက်စ် ၉၀၄၇ ဒသမ ၄၆ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါး ၂၂မျိုးနှင့် ဓာတုပစ္စည်း ၁၉မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၄၁၈ ဒသမ ၀၄၆ ဘီလီယံကျော်(အမေရိကန်ဒေါ်လာ သန်း ၁၂၅ ဒသမ ၅၃၉)အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**










# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော် သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူခြင်းအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးပြီး လုပ်ငန်းကော်မတီများအလိုက် အားသာချက်များ၊ အားနည်းချက်များနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**မန္တလေး ဇွန် ၂၆**

ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူခြင်း အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီး လုပ်ငန်းကော်မတီများအလိုက် အားသာချက်များ၊ အားနည်းချက်များနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လုပ်ငန်းကော်မတီများနှင့် သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက ကြီးမှူးပြီး သာသနာတော်နှစ် ၂၅၆၇နှစ်ပြည့်ပြီး ၂၅၆၈နှစ်သို့ ကူးပြောင်းရောက်ရှိမှု အထိမ်းအမှတ်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် မန္တလေးမြို့လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော် ၁၀၂၇၂ပါးအား ပင့်ဖိတ်ကာ ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီအလိုက် တွေ့ကြုံခဲ့သည့် အားသာချက် အားနည်းချက်များကို ပြန်လည်သုံးသပ်ကာ ယခုထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားနိုင်ရေးအတွက် ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



ယင်းနောက် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် ကြုံတွေ့ခဲ့ရသည့် အားသာချက်များနှင့် အားနည်းချက်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဖြည့်စွက်ဆွေးနွေးချက်များ၊ အကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

သတင်း စာမျက်နှာ ၄ မှ






**မူးယစ်ကင်းစင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး။**

## စာရေးဆရာ ရဲကျော်၏ ချစ်သောအိုမီဂါစာအုပ် ဒုတိယအကြိမ်ထွက်ရှိ

**မန္တလေး ဇွန် ၂၆**

စာရေးဆရာ ရဲကျော်၏ ချစ်သော အိုမီဂါစာအုပ် ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ခြင်းဖြင့် အော်ကျူမီဒီယာမှ ထွက်ရှိလာသည်။ အဆိုပါစာအုပ်မှာ ၂၀၂၀ ဒီဇင်ဘာလတွင် ပထမအကြိမ်အဖြစ် ထွက်ရှိခဲ့ခြင်းဖြစ်ကာ "အိုမီဂါ"ဟု အမည်တင်စားခေါ်ဆိုသည်။ ကော့မူးရာခေါ်ဝါးခသစ်စခန်းအား တပ်မတော်မှ ထိုးစစ်ဆင် တိုက်ခိုက်သိမ်းပိုက်ခဲ့သည့် မှတ်တမ်းစာအုပ်ဖြစ်သည်။ မှတ်တမ်းဓာတ်ပုံများ၊ အိုမီဂါဝါးခသစ်(ကော့မူးရာ)အခြေပြမြေပုံများ ပါရှိသည်။ ငွေကျပ် ၆၀၀၀ဖြင့် စာအုပ်ဆိုင်များတွင် ဝယ်ယူဖတ်ရှု နိုင်ကြောင်း သိရသည်။




**(PNT)**

## အသက်(၁၈)နှစ်နှင့်အထက် စတုတ္ထအကြိမ် စာရင်းစစ်ဆေးခြင်း ဆောင်ရွက်

**မန္တလေး ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၌ အသက်(၁၈)နှစ်နှင့် အထက်(စတုတ္ထအကြိမ်မြောက်)စာရင်းစစ်ဆေးခြင်းနှင့် ကွန်ပျူတာဖြင့် စာရင်းများထည့်သွင်းခြင်းလုပ်ငန်းများကို ဇွန် ၂၀ ရက်မှစတင်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဆောင်ရွက်လျက်ရှိရာ အသက်(၁၈)နှစ်နှင့် အထက် (စတုတ္ထအကြိမ်မြောက်) စာရင်းစစ်ဆေးခြင်းနှင့် ကွန်ပျူတာဖြင့် စာရင်းများထည့်သွင်းခြင်း လုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများပူးပေါင်း၍ စာရင်းများ မှားယွင်းမှုမရှိစေရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှုများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်ခန့်ဝေ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဒုတိယဦးစီးမှူး ဒေါ်စောညွန့်နွယ်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ခံအကြီးတန်းစာရေး ဦးဇော်ရဲမောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

**တင်စာလွင် (ပြန်/ဆက်)**



# မောင်တောမြို့နယ်ရှိ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် WFP ၏ ဂိုဒေါင်အား မီးရှို့ဖျက်ဆီးခံရမှုဖြစ်စဉ်အမှန်၊ AA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၏ မူးယစ်ဆေးဝါးကုန်ကူးမှုလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ မီဒီယာတွေ မေးမြန်းနေကြတဲ့ မောင်တောမြို့နယ် မောင်တော-ဘူးသီးတောင်သွားကားလမ်းရဲ့ တောင်ဘက်မှာ ရှိတဲ့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် WFP ရဲ့ ဂိုဒေါင်ကို တပ်မတော်နဲ့ ဘင်္ဂါလီတွေက ဖျက်ဆီးခဲ့တယ်၊ လုယက်တယ်ဆိုတဲ့ ဖြစ်စဉ်နဲ့ ပတ်သက်ပြီးတော့ ဖြစ်စဉ်အမှန်ကို ရှင်းလင်းပြောကြားလိုပါတယ်။ အဲဒီမှာ အဲဒီနယ်မြေဒေသရဲ့ အခြေအနေ အကြမ်းဖျင်းအနေနဲ့ကတော့ မောင်တော-ဘူးသီးတောင်သွား ကားလမ်းရဲ့ တောင်ဘက်မှာ ရှိပြီးတော့ အဲဒီနေရာမှာ အရင်တုန်းကတော့ UNHCR၊ WFP စတဲ့ ကုလသမဂ္ဂ အဖွဲ့အစည်းတွေရဲ့ ရုံးတွေဂိုဒေါင်တွေရှိပါတယ်။ ရခိုင်ပြည်နယ်မှာ တိုက်ပွဲတွေ ပြင်းထန်လာပြီး နောက်ပိုင်းမှာ မေလကတည်းက အဲဒီနေရာမှာ ရုံးထိုင်တဲ့ လူတွေ မရှိတော့ဘဲနဲ့ နယ်မြေခံဘင်္ဂါလီ အစောင့်တွေလောက်သာထားခဲ့နိုင်ပြီးတော့ ပြန်သွားတဲ့ နေရာတွေဖြစ်ပါတယ်။ ဒီနေရာတွေနဲ့ ပတ်သက်ပြီးလည်း ဒီလုံခြုံရေး တပ်ဖွဲ့ဝင်တွေ၊ တပ်မတော်အနေနဲ့ ကလည်း ဒီနေရာတွေအထိ ဝင်ရောက်ခြင်း မရှိသေးဘဲနဲ့ ဘေးကနေပဲ လုံခြုံရေးဆောင်ရွက်ပေးနေတဲ့ အနေအထားဖြစ်ပါတယ်။ ဒီဇွန် ၂၁ ရက်မှာတော့ မောင်တောမှာ ရှိတဲ့ တပ်မတော်၊ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ ပူးပေါင်းလုံခြုံရေးအဖွဲ့က ဒီနေရာတွေကို ကင်းလှည့်ရပါတယ်။ ကင်းလှည့်ဆောင်ရွက်တဲ့ နေရာမှာ ဒီ WFP ရုံးတွေ၊ ဂိုဒေါင်တွေရဲ့ အရှေ့ဘက် ဝေသာလီ ကျေးရွာအရောက်မှာ စိမ့်ဝင်နေတဲ့ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေနဲ့ တိုက်ပွဲဖြစ်ပွားခဲ့တာရှိပါတယ်။ တိုက်ပွဲဖြစ်ပွားချိန်မှာ AA အကြမ်းဖက်အဖွဲ့အနေနဲ့ Drone များကို အဓိက သုံးပြီးတော့ တိုက်ခိုက်ခဲ့တာကို တွေ့ရပါတယ်။ အဲဒီမှာရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားနေပါတယ်။ ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားနေတဲ့ အချိန်မှာပဲ AA အကြမ်းဖက်အဖွဲ့အနေနဲ့ အဲဒီ WFP ဂိုဒေါင်တွေကို ဝင်ရောက်ဖို့အကြိမ်ကြိမ် ကြိုးစားခဲ့ပါတယ်။




အဓိကကတော့ အဲဒီမှာရှိနေတဲ့ ပစ္စည်းတွေကို လုယက်ဖို့ပဲ ဖြစ်ပါတယ်။ သူတို့နဲ့အတူ ဒေသခံ AA ထောက်ခံအားပေးနေတဲ့ ရခိုင်တိုင်းရင်းသားအချို့လည်း ပါဝင်တယ်ဆိုတာကို ဒေသခံဘင်္ဂါလီတွေရဲ့ ပြောကြားချက်အရ ကျွန်တော်တို့ သိရှိခဲ့ရပါတယ်။ ဒါကြောင့်မို့လို ဒေသခံဘင်္ဂါလီရွာသားတွေအနေနဲ့ အဲဒီမှာရှိတဲ့ ပစ္စည်းတွေ AA လက်ထဲမရောက်ရှိစေရေးအတွက် အနီးအနားမှာ ရှိတဲ့ လုံခြုံတဲ့နေရာတွေကို ဇွန် ၂၁ ရက်နေ့ကတည်းက စတင် ရွှေ့ပြောင်းခဲ့တယ်ဆိုတာ သိရပါတယ်။ ဇွန် ၂၂ ရက်မှာတော့ ဘယ်လိုရွှေ့ပြောင်းတယ်ဆိုတာကို သိတဲ့အတွက် AA အနေနဲ့ Drone နဲ့ ကင်းထောက်ထောက်လှမ်းပြီး အဲဒီ WFPဂိုဒေါင်တွေကို Drone နဲ့ ဖုံးကြဲခဲ့တယ်ဆိုတာကို Drop Bomb များချ တိုက်ခိုက်ခဲ့တယ်ဆိုတာကို သိရှိရပါတယ်။ ဒါကြောင့် ဒီဂိုဒေါင်တွေ တချို့ မီးလောင်ပျက်စီးခဲ့တယ်ဆိုတာလည်း တွေ့ရှိရပါတယ်။ သူတို့ ထုတ်ပြန်ထားတဲ့ ပုံတွေမှာ ကြည့်ရင်ကို ဒီအချက်အလက်ကို သိသာနိုင်တယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ ဂိုဒေါင်တွေဟာ ဂိုဒေါင်တွေနဲ့အဲဒီအနီးအနားမှာ ရှိနေတဲ့ ရုံးတွေမှာ UN ဆိုတဲ့ ကုလသမဂ္ဂ အမှတ်အသားကို ဂိုဒေါင်အမိုးတွေမှာ ထင်ထင်ရှားရှားရေးထားတာ၊ ရုံးတွေမှာ ထင်ထင်ရှားရှား ရေးထားတာတွေ့ရပါတယ်။ သိလျက်နဲ့ လုပ်ဆောင်ခြင်း ဖြစ်ပါတယ်။ ဒီလို လုပ်ဆောင်ခဲ့လို့လည်း ဂိုဒေါင်အမိုးတွေ Drop Bomb ဒဏ်ကြောင့် ပေါက်ပြဲပေါက်ကွဲပြီးတော့ မီးလောင်တာ ဖြစ်ပါတယ်။ ဒီဒေသခံတွေ သယ်ထုတ်ထားတဲ့ ဆန်အိတ်များကို ဒေသခံဘင်္ဂါလီများအနေနဲ့ လုံခြုံရေးတပ်ဖွဲ့တွေကို လာရောက်သတင်းပို့ခဲ့တာရှိပါတယ်။ ဒါကြောင့် လုံခြုံရေးတပ်ဖွဲ့တွေအနေနဲ့ ဇွန် ၂၂ ရက်မှာ မောင်တောမှာရှိတဲ့ ဒုက္ခသည်တွေကို ထောက်ပံ့ဖို့ ရည်ရွယ်ထားတဲ့ ဆန်အိတ်တွေ ဖြစ်တဲ့အတွက်ကြောင့် ရပ်ကွက် ၁၊ ၂၊ ၃၊ ၄၊ ကညင်တန်းရပ်ကွက်၊ မောင်နီရပ်ကွက် အဲဒီရပ်ကွက်တွေမှာရှိတဲ့ အိမ်ထောင်စု ၂၀၀၀ ကျော်ကို အိမ်ထောင်စုတစ်စုကို တစ်အိတ်စီနဲ့ ဆန်အိတ်တွေကို ဖြန့်ဝေပေးခဲ့ကြောင်း တွေ့ရှိရပါတယ်။ AA အနေနဲ့ ဘူးသီးတောင်မြို့နယ်အတွင်းမှာရှိတဲ့ ဘင်္ဂါလီတွေကိုလည်း နေအိမ်မှာ မနေနိုင်အောင် နှင်ထုတ်ပြီးဖြစ်ပါတယ်။ အလားတူပဲ မောင်တောကို တိုက်ခိုက်ဖို့ လုပ်ဆောင်နေတဲ့ အချိန်မှာပဲ ဒေသခံဘင်္ဂါလီများ၊ ဒုက္ခသည်များကို ထောက်ပံ့ဖို့ ရည်ရွယ်ထားတဲ့ ပစ္စည်းတွေကို လုယူရန် ကြံစည်ခြင်းဖြစ်ပြီး မအောင်မြင်တဲ့အခါမှာ ယခုလို ဂိုဒေါင်ကို Drop Bomb ချပြီးမီးရှို့ခြင်းဖြစ်တယ်လို့ပြောချင်ပါတယ်။

နောက်တစ်ခုကတော့ AA ရဲ့ မူးယစ်ဆေးဝါးကုန်ကူးမှုလုပ်ငန်းတွေဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်ကနေ ၂၀၂၄ ခုနှစ် မေလအထိ ရခိုင်ပြည်နယ်မှာ ပင်လယ်ရေကြောင်းလမ်းကိုအသုံးပြုပြီး မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု ၄၆ မှု ရှိပါတယ်။ တရားခံ ၂၆၆ ဦး ဖမ်းမိခဲ့ပါတယ်။ အများစုကတော့ AA နဲ့ ပတ်သက် ဆက်နွှယ်နေတဲ့ အသိုင်းအဝိုင်းတွေပဲ ဖြစ်ပါတယ်။ စိတ်ကြွဆေး ၂၈ ဒသမ ၅ သန်း၊ အိုက်စ် ၄၁ တန်၊ ကက်တမင်း ၁ ဒသမ ၄ တန် ဖမ်းဆီးရမိခဲ့တာ ဖြစ်ပါတယ်။ AA အနေနဲ့ စတင်ထူထောင်လာကတည်းကတိုင် မူးယစ်ဆေးဝါးလုပ်ငန်းကို အစဉ်တစိုက်လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ဘာကြောင့် လုပ်ဆောင်ရသလဲဆိုတော့ ဒီမူးယစ်ဆေးဝါးနဲ့ပဲ ဒေသတွင်းမှာရှိတဲ့ ပြည်သူတွေ အကျင့်စာရိတ္တပျက်ပြားနေမှသာ AA သောင်းကျန်းသူအဖွဲ့တွင်းကို ဝင်ရောက်နိုင်ရေး ပိုမိုစည်းရုံးဖို့ လွယ်ကူမယ်၊ လွယ်လွယ်ကူကူ ရတဲ့ငွေနဲ့ လက်နက်၊ ခဲယမ်းတွေဝယ်နိုင်မယ်၊ တရားမဝင်ထောက်ပံ့မှုတွေ လုပ်နိုင်မယ်ဆိုတာကို ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

၂၀၁၆ ခုနှစ်မှာ ဖမ်းဆီးရမိတဲ့ AA သောင်းကျန်းသူအဖွဲ့က ဒုတိယဗိုလ်မှူးကြီး အဆင့်ရှိတဲ့ အောင်မြတ်ကျော်ဆိုရင် ထွန်းမြတ်နိုင်ရဲ့ တာဝန်ပေးချက်အရ ၂၀၁၅ ခုနှစ်အတွင်းမှာ ပြင်ဦးလွင်ကနေ ရန်ကုန်၊ ဘားအံကနေ ရန်ကုန်ကို ၁၀ ကြိမ်လောက် လက်နက်၊ ခဲယမ်းတွေ၊ မူးယစ်ဆေးဝါးတွေကို ဆီသယ်ဆောင်တဲ့ကားတွေမှာ အံ့ဝှက်တွေပြုလုပ်ပြီး သယ်ဆောင်ခဲ့တယ်ဆိုတာကို သူ့ကိုဖမ်းဆီးရမိပြီး အစစ်ခံတဲ့အထဲမှာ အစစ်ခံခဲ့ပါတယ်။ နိုင်ငံပိုင်သတင်းဌာနတွေ ရှေ့မှာလည်း သူ့ရဲ့ဝန်ခံချက်ကို ထုတ်လွှင့်ခဲ့ပါတယ်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ ဖမ်းဆီးရမိတဲ့ ဖြစ်စဉ်တစ်ခုမှာဆိုရင် အိုက်စ်တို့၊ ကဖင်းတို့ ဖမ်းဆီးရမိတာတွေရှိတယ်။ အသုံးပြုတဲ့ ယာဉ်တွေ၊ စက်လှေတွေ၊ ဂိုဒေါင်တွေကို ငှားရမ်းအသုံးပြုခဲ့တာ တွေ့ရပါတယ်။ AA သောင်းကျန်းသူအဖွဲ့ဝင်အများအပြား ကွန်ရက်ချိတ်ဆက် ဆောင်ရွက်နေတာကိုလည်း တွေ့ခဲ့ရပါတယ်။ ရခိုင်ပြည်နယ်ကိုပို့မယ့် ကဖင်းဖမ်းဆီးရမိမှု ဖြစ်စဉ်အရ AA သောင်းကျန်းသူတွေအနေနဲ့ အိုက်စ်တို့၊ ကဖင်းတို့ကို အသုံးပြုပြီးတော့ ရခိုင်ပြည်နယ်မှာပဲ စိတ်ကြွရူးသွပ်ဆေးပြားတွေ ပြောင်းလဲထုတ်လုပ်ဖို့ ကြိုးစားနေတာကို တွေ့ရပါတယ်။ ဖမ်းဆီးရမိတဲ့ ဆေးပြား အရေအတွက်တွေ၊ မူးယစ်ဆေးအရေအတွက်တွေကို ကြည့်ရင် ရခိုင်ပြည်နယ်မှာ ရှိနေတဲ့ လူဦးရေအားလုံး သုံးစွဲနိုင်တဲ့ ပမာဏထက် သာလွန်နေတာကို တွေ့ရပါတယ်။ ဒါတွေဟာဘာလဲဆိုတော့ အဓိကတော့ တစ်ဖက်နိုင်ငံကို အမြောက်အမြား ပို့ဆောင်ခဲ့တာတွေ၊ တစ်ဖက်နိုင်ငံမှာလည်း အမြောက်အမြား ဖမ်းမိတာတွေ၊ ရခိုင်ဒေသကို အခြေခံပြီး ပင်လယ်ပြင်ကနေ အခြားနိုင်ငံတွေကို ထွက်တာတွေကို ဆောင်ရွက်တာကို တွေ့ရပါတယ်။ ဒါကြောင့် AA ရဲ့ အကြမ်းဖက်လုပ်ရပ်တွေ၊ AA ရဲ့ မူးယစ်ဆေးဝါးကုန်ကူးမှုလုပ်ရပ်တွေ၊ သယ်ဆောင်မှု လုပ်ရပ်တွေ၊ မူးယစ်ဆေးဝါးကို ရခိုင်ပြည်နယ်မှာပဲ ထုတ်လုပ်ဖို့ လုပ်နေတဲ့ လုပ်ရပ်တွေအားလုံးသည် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ပြည်သူလူထုကို ဖျက်ဆီးရုံသာမက ဒေသတွင်းမှာ မူးယစ်ဆေးဝါးဖြန့်ဖြူးရေး၊ အကြမ်းဖက်လုပ်ငန်းစဉ်များ ပေါ်ပေါက်လာရေးကို ဦးတည်ဆောင်ရွက်နေတယ်ဆိုတာ တွေ့ရပါတယ်။ အားလုံး သတိရှိကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ အကြမ်းဖက်၊ မူးယစ်ဆေးဝါးကို ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းကို အားလုံးက ဝိုင်းဝန်းဆန့်ကျင်ကြဖို့တိုက်တွန်းလိုပါတယ်။

ကျေးဇူးတင်ပါတယ်။



မောင်တော၊ ဝေသာလီ WFP ရိက္ခာဂိုဒေါင်အား AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ Drop Bomb ချ တိုက်ခိုက်သဖြင့် ဒေသခံများမှ ဆန်အိတ်များကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည့် ဖြစ်စဉ်ပြပုံ။



မောင်တောမြို့ရှိ ဒေသခံပြည်သူအိမ်ထောင်စုဝင်များအား ဆန်အိတ်များပေးဝေနေမှုကို တွေ့မြင်ရစဉ်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## BTS မှ တာဝန်ကျေပွန်ခဲ့သော Jin @ Kim Seok Jinကို ပရိသတ်ချီးကျူးထား




BTS အဖွဲ့တွင် အစောဆုံး သင်တန်းထွက်ခွာသွားခဲ့ပြီး အစောဆုံး ပြန်ရောက်လာသော Jin @ Kim Seok Jinကို သင်တန်းတွင် ၁၈လကြာ တာဝန်ကျေပွန်ရှုံ သာမက ပရိသတ်အတွက်ပါ စဉ်းစားပေးခဲ့၍ ကျေးဇူးတင်ပြီး ချီးကျူးစကား ပြောထားကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

သင်တန်းမသွားမီ Jin က The Astronaut သီချင်း ငါး မိနစ်စာ ဖျော်ဖြေမှုအတွက် အာဂျင်တီးနားထိ နာရီပေါင်းများစွာ လေယာဉ်စီးပြီး တကူးတက သွား၍ ပရိသတ်အတွက် အမှတ်တရ ချန်ရစ်ပေးခဲ့သည်။

သင်တန်း ၁၈လအတွင်း တစ်လမပြတ် Message From Jinနှင့် ဗီဒီယိုများ ဖန်တီးပေးခဲ့ပြီး သင်တန်းပြီးပြီးချင်း ပရိသတ်ဖျော်ဖြေပွဲလုပ်ပေးခဲ့ကာ အယောက် တစ်ထောင်ကို နွေးထွေးစွာ ပွေ့ဖက်၍ နာရီလက်ဆောင်များ ပြင်ဆင်ပေးခဲ့သည်။

တုန်ရီသောအသံ မျက်ရည်ကြည်များနှင့် ပရိသတ်ကို ခေါ်လိုက်သည့် အသံတွင် အချစ်များ၊ ကြိုးစားမှုများ ပျော်ရွှင်မှုများကို ခံစားခဲ့ရ၍ Jin ၏ ချစ်ခြင်းတရားများကို အမှတ်တရသိမ်းထားမည်ဟု ပရိသတ်များ ချီးကျူးထားကြသည်။ (SKY)



## ဟိုက်ဒရိုဂျင်ထုတ်လုပ်ရာတွင် လိုအပ်သော ဓာတ်ကူပစ္စည်းသစ်တစ်မျိုး လေ့လာတွေ့ရှိ

စက်မှုလုပ်ငန်းအတွက်ဖြစ်စေ၊ စွမ်းအင်အရင်းအမြစ်အတွက်ဖြစ်စေ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ အမြောက်အမြားထုတ်လုပ်ရာတွင် ရုပ်ကြွင်းလောင်စာတစ်မျိုးဖြစ်သည့် မီသိန်းဓာတ်ငွေ့ကို ဓာတ်ကူပစ္စည်းအဖြစ် လက်ရှိအသုံးပြုနေကြသည်။

ထိုသို့ထုတ်လုပ်ရာတွင် ရေထဲရှိ အောက်ဆီဂျင်နှင့်ဟိုက်ဒရိုဂျင်ထဲမှ အောက်ဆီဂျင်ကို ဖယ်ထုတ်ပစ်ရာတွင် ကာဗွန်ဒိုင်အောက်ဆိုက်အဖြစ် ထွက်လာသဖြင့် ပတ်ဝန်းကျင်လေထုကို ညစ်ညမ်းစေသည်။

မကြာသေးမီက အမေရိကန်ပြည်ထောင်စု အီလီနွိုက်စ်ပြည်နယ်၊ ချီကာဂိုမြို့ရှိ အပြည်ပြည်ဆိုင်ရာ အရည်အသွေးကောင်းစီ ဓာတ်ခွဲခန်း၌ လူရှား၊ ရာနစ်ရမ်နှင့် အန်ကူဂူဟာဟု အမည်ရသော သုတေသီများ ဦးဆောင်ကာ ပတ်ဝန်းကျင် မညစ်ညမ်းစေရန် ပလက်တီနမ်၊ အီရီဒီယမ်စသောဓာတ်ကူပစ္စည်းအမျိုးမျိုးကို အသုံးပြုပြီးလေ့လာခဲ့သည်။

ထိုသို့လေ့လာရာမှ ကိုဘော့ကို ပတ်ဝန်းကျင် မညစ်ညမ်းစေသော ဓာတ်ကူပစ္စည်းသစ်အဖြစ် ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။ SCI

## Shweta Tiwari ၏ အလှအပ စိန်ခေါ်မှုအသစ်

အသက် ၄၃နှစ်နှင့် Shweta Tiwari သည် ဝဖိုင့်သော ကိုယ်ခန္ဓာကို ပိုင်ဆိုင်ထားရာမှ အလှအပအတွက် စိန်ခေါ်မှုအသစ်နှင့်လှပ၍ အချိုးကျသော ကိုယ်ခန္ဓာကို ရရှိခဲ့သည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

Shweta Tiwari ကို Hun Tun and Them တွင် ဝဖိုင့်ဖိုင့်နှင့်တွေ့ကြရပြီး လေ့ကျင့်ခန်းပုံမှန် မသွားနိုင်ဘဲ အစားအသောက်နှင့်ဦးစွာ လျှော့ချခဲ့ရာမှ ဆယ်ပေါင်ကျခဲ့ပြီး ယုံကြည်မှုရှိလာရာမှ အလှအပအတွက် စိန်ခေါ်ရန် အသင့်ဖြစ်ခဲ့သည်။

သူ၏လေ့ကျင့် ရေးဆရာ လမ်းညွှန်ချက်နှင့်အစားအသောက်ထိန်းချုပ်ပြီး အပျော်ခရီးများသွားကာ ယောဂကျင့်စဉ်ကို တစိုက်မတ်မတ် ကျင့်ကြံ၍ ကိုယ်ရောစိတ်ပါ နစ်မြှုပ်ခဲ့ရာမှ လှပသောခန္ဓာကိုယ် အချိုးအစားနှင့်လှပနေသော Shweta Tiwari ကို မြင်တွေ့ကြရသူများ အံ့အားတသင့်ဖြစ်ခဲ့ကြရသည်။ (SKY)



## မက္ကဆီကန်မင်းသမီး Salma Hayek အပါအဝင် အချစ်ဟောင်းများအကြောင်း ပေါ်ထွက်လာ

မက္ကဆီကန်မင်းသမီး ဆာမာဟရိခ်အပါအဝင် ဟောလိဝုဒ်အနုပညာရှင်များ၏ အချစ်ဟောင်းများအကြောင်းပေါ်ထွက်လာသည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

မင်းသမီး ဆာမာဟရိခ်နှင့် မင်းသား အက်ဒဝပ်နော်တန်တို့ အချစ်ရေးမှာ လေးနှစ်ကြာခဲ့ပြီး လမ်းခွဲ၍ အချစ်ဟောင်းများဖြစ်ခဲ့ကြကာ ကန်မရွန်ဒိုင်းယတ်စ်နှင့် ဂျာတ်လီဒိုတို့မှာ ဆယ့်နှစ်နှစ်တာတွဲ၍ လမ်းခွဲခဲ့ကြသည်။



အမေရိကန်မော်ဒယ်လ်၊ သရုပ်ဆောင် စင်ဒီကာဖိုဒ်နှင့် ရစ်ချက်ဂီယာတို့မှာ လေးနှစ်တာ အိမ်ထောင်တည်ဆောက်ခဲ့ကြပြီးမှ ခွဲခွာခဲ့သည်။ တွမ်ခရုစ်နှင့် သူ့ထက်ဆယ်နှစ်ကြီးသည့် အဆိုတော် ချာတို့လည်း ချိန်းတွေ့ခဲ့သည့်သတင်း ထွက်ပေါ်ခဲ့ဖူးသည်။

တစ်ချိန်က ဟိုးလေးတကျော်ဖြစ်ခဲ့ကြသည့် အနုပညာရှင်များ၏ အချစ်ဟောင်းများအကြောင်းကို ပရိသတ်များ စိတ်ဝင်စားခဲ့ကြသည့်အတွက် အနုပညာတာဝန်ခံတစ်ဦးက ဝေမျှပေးထားသည်။ (SKY)

## Wang Yibo ကို Weibo Opening Screen တွင် ဝါရင့်အနုပညာရှင်များနှင့်အတူ တွေ့ရ

တရုတ်အနုပညာလောကမှ တောက်ပသည့် ကြယ်တစ်ပွင့်ဖြစ်သည့် ဝမ်ရီဘိုကို တွင် ဝါရင့်အနုပညာရှင်များနှင့်အတူ ဖော်ပြခဲ့ရသည်ကို တွေ့ရသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဝမ်ရီဘိုသည် အဆိုပါပွဲသို့ ကားမောင်းပြိုင်ပွဲလေ့ကျင့်ရာမှ ကူးလာရ၍ ပင်ပန်းပုံပေါ်နေသော်လည်း ပွဲတက်ဖက်ရှင်မှာ ခမ်းနားသော ဖက်ရှင်ဖြစ်ခဲ့သည်။

အသင်းပွဲတော်ကြော်ငြာစဉ်တွင် အနုပညာဝါရင့်ကြီးများဖြစ်ကြသည့် ဒါရိုက်တာ ကျန်းရီမူနှင့်တကွ အနုပညာ ကဝေရှင် ကျန်ဇီယီ၊ ဟွမ်ဘိုနီနီတို့နှင့်တကွ ဖော်ပြကြေညာပေးခဲ့သည်။ မိတ်ကပ်မပါဘဲ (CANPL) ကုတ်အရှည်နှင့် အရှင်သခင်တစ်ပါးပုံ ဖက်ရှင်စတိုင်ကြောင့် ပရိသတ်ကို ဖမ်းစားနိုင်ခဲ့သည်။

ဝမ်ရီဘိုသည် Formed Police Unit အပါအဝင်ရုပ်ရှင်ကားပေါင်း လေးခုကို ကိုယ်စားပြု တက်ရောက်ခဲ့သည့် အနုပညာရှင်ဖြစ်ပြီး အရှင်သခင်တစ်ပါးအသွင် ဆောင်ခဲ့သည်ဟု မှတ်ချက်ပေးထားကြသည်။ (SKY)





## P1 Harmony အဖွဲ့က Big Bang ကို ဂီတသမိုင်းတွင် ထာဝရ အကောင်းဆုံးအဖွဲ့ဟု ရွေးချယ်

တက်သစ်စ မျိုးဆက်သစ် ကေပေါ့ပ်အဖွဲ့ P1 Harmony အဖွဲ့ဝင် ခြောက်ဦးအနက် လေးဦးက ဂီတသမိုင်းတစ်လျှောက်တွင် ထာဝရအကောင်းဆုံးအဖွဲ့အဖြစ် Big Bang ကို ရွေးချယ်ထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကေပေါ့ပ်ဘုရင်ဟု တင်စားခံရသည့် Big Bang အဖွဲ့၏ သက်ရောက်မှုများ မျိုးဆက်တိုင်းအပေါ် လွှမ်းမိုးမှုရှိခဲ့ပြီး You Tube Channel The Conversationalist နှင့် အင်တာဗျူးတွင် P1 Harmony အဖွဲ့ဝင်များက Big Bang အဖွဲ့ကို ထာဝရ အကောင်းဆုံး အမျိုးသားအဖွဲ့အဖြစ် ရွေးချယ်ထားကြသည်။

အဖွဲ့ဝင်GN ကBig Bang ၏ ဂီတကို ကြိုက်နှစ်သက်ခဲ့ပြီး Intak က Big Bangကြောင့် အဆိုတော်လုပ်ခဲ့ကာ သူ၏ စံပြဟုဆိုကာ THEO က Big Bang သီချင်းနားထောင်သူဟုဆို၍ ကီဟိုက Big Bang သည် ကိုယ်ပိုင်ဂီတကို ဖန်တီးပြီး ကိုယ်ပိုင်စတိုင်လ်ရှိကာ ကိုယ်ပိုင်အရောင်ရှိ၍ Big Bang သည် Big Bang ဖြစ်သည်ဟု ပြောကြားသွားကြသည်။ (SKY)

## Mahanati ရုပ်ရှင်သရုပ်ဆောင်၊ နောက်ခံအဆိုတော် အကပညာရှင် အမျိုးသမီးအကြောင်း ဖြစ်ရပ်မှန်ကားဖြစ်

အိန္ဒိယတောင်ပိုင်းရုပ်ရှင် သရုပ်ဆောင်၊ နောက်ခံအဆိုတော် အကပညာရှင်နှင့် ဒါရိုက်တာတစ်ဦးဖြစ်ခဲ့သည့် ဆာဗစ်ထရီအကြောင်း အခြေခံရိုက်ကူးထားသည့် Mahanati မှာ ပရိသတ်အားပေးမှုရရှိထားသည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် ဘန်ကလော၌ လူကြိုက်များခဲ့သည့် ခေတ်ဟောင်း မင်းသမီးဆာဗစ်ထရီအိပ်ရာထ သတိမေ့ရာမှ ကိုမာဝင်သွားခဲ့ပြီး တစ်နှစ်ပြည့်နေ့တွင် သတင်းထောက်က နောက်ဆုံးအခွင့်အရေးအဖြစ် အင်တာဗျူးခဲ့ပုံနှင့် စထားသည်။

သတင်းထောက်က ဓာတ်ပုံနောက်မှ သူ၏နောက်ဆုံးရေးထားသည့် စာကို ဖတ်မိပြီး သူ့ဘဝနောက်ကွယ်မှအကြောင်းရေးသားရန် စုံစမ်းခဲ့ရာမှ အများသိ အောင်မြင်မှု၊ ကြွယ်ဝချမ်းသာမှုများနောက်ကွယ်မှ ဝမ်းနည်းစရာပုံရိပ်များ ထွက်ပေါ်လာခဲ့သည်။

မင်းသမီး ကီသာဆူရပ်ရှ်၊ မင်းသား ဒူလ်ကွာတာဆဲမန်းတို့ အဓိကပါဝင်ထားပြီး ဓာတ်ပို့ဓာတ်ရုံများစွာနှင့် အားဖြည့်ထားသည်။ (SKY)



# အမှုနှင့် ပတ်သက်၍ ထရမ့် လွတ်လပ်စွာပြောဆိုရန် နယူးယောက်တရားသူကြီး ဂျူယန်မာချန် ခွင့်ပြုပေး



**ဝါရှင်တန် ဇွန် ၂၆**

လွန်ခဲ့သောမတ်လက အမေရိကန်သမ္မတဟောင်း ဒေါနယ်လ်ထရမ့်အပေါ် ချမှတ်ခဲ့သော ပိတ်ပင်တားဆီးမှုကို ဖြေလျှော့ကာ ၎င်းနောက်ဆုံးစစ်ဆေးကြားနာခြင်း ခံခဲ့ရသောအမှု၏ သက်သေများ၊ တရားသူကြီးအဖွဲ့တွင် ပါဝင်သူများအကြောင်းကို လွတ်လပ်စွာပြောဆိုခွင့်ပြုရန် ဇွန် ၂၅ ရက်က နယူးယောက်တရားသူကြီး ဂျူယန်မာချန် တစ်စိတ်တစ်ပိုင်း လွတ်လပ်ခွင့်ပြုလိုသည်ဟု နယူးယောက်တရားရုံးက သတင်းထုတ်ပြန်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သို့တိုင်အောင် ထရမ့်အနေဖြင့် နယူးယောက်တရားရုံး၏ ဝန်ထမ်းများ၊ အစိုးရရှေ့နေများနှင့် ၎င်းတို့၏မိသားစုများအကြောင်း လွတ်လပ်စွာဝေဖန်ပြောဆိုခွင့် ပိတ်ပင်ခံထားရဆဲ ဖြစ်သည်။

တရားသူကြီး ဂျူယန်မာချန်၏ အဆိုပါဖြေလျှော့မှုနှင့် ပတ်သက်၍ နယူးယောက်တရားရုံးမှ အစိုးရရှေ့နေများက ဝေဖန်ကန့်ကွက်ခြင်းမရှိဘဲ နှုတ်ဆိတ်နေခဲ့ကြသည်။

မိမိ၏ရှေ့နေဟောင်း မိုက်ကယ်လ်ကိုဟင်၏ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများကို တုံ့ပြန်ထောက်ပြဝေဖန်ခဲ့ခြင်းသာ ဖြစ်ကြောင်း ဒေါနယ်လ်ထရမ့်က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0



# အကြမ်းဖက်ဆန္ဒပြသူများကို တားဆီးရန်အတွက် နည်းမျိုးစုံ သုံးရလိမ့်မည်ဟု ကင်ညာသမ္မတ ပြောကြား

**နိုင်ရိုဘီ ဇွန် ၂၆**

အကြမ်းဖက်ဆန္ဒပြသူများကို တားဆီးရန်အတွက် နည်းမျိုးစုံ သုံးရလိမ့်မည်ဟု ကင်ညာသမ္မတ ဝီလျံရူတို ဇွန် ၂၅ ရက်တွင် သတိပေးပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လိုအပ်ချက်အရ အခွန်တိုးမြှင့်ကောက်ခံရန် ကင်ညာအစိုးရက စီစဉ်နေသည်ကို မကျေနပ်သူများက ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ရာ သမ္မတက တွေ့ဆုံဆွေးနွေးရန် လက်ကမ်းကြိုဆိုခဲ့သည်။

သို့ရာတွင် အကြမ်းဖက်လိုသူများ ဝင်ရောက်စွက်ဖက်လာပြီးနောက် ရဲတပ်ဖွဲ့ဘက်က အင်အားသုံး လူစုခွဲခဲ့ရပြီးနောက် ၎င်းက နောက်ဆုံးသတိပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



အပူလှိုင်းဒဏ်ကြောင့် ဦးခေါင်းပိုင်းအရည်ပျော်ကျသွားသည့် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော် ဘေကာစခန်းအတွင်းရှိ သမ္မတ အေဘရာဟင်မ်လင်ကွန်း ဖယောင်းရုပ်တုကို ဇွန် ၂၅ ရက်က တွေ့ရစဉ်။ **Mon**

# တက်စလာနှင့် စီးပွားပြိုင် ရီဗီယန်ကုမ္ပဏီတွင် ဗောက်စ်ဝက်ဂွန်က ဒေါ်လာ ၅ ဘီလျံ ထည့်ဝင်မည်

**ဝါရှင်တန် ဇွန် ၂၆**

အမေရိကန်အခြေစိုက် တက်စလာလျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီနှင့် စီးပွားပြိုင် ရီဗီယန်ကုမ္ပဏီတွင် ဗောက်စ်ဝက်ဂွန်ကုမ္ပဏီက အမေရိကန်ဒေါ်လာ ၅ ဘီလျံ ထည့်ဝင်မည်ဖြစ်သည်ဟု ဇွန် ၂၅ ရက်တွင် အတည်ပြုကြေညာလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၂၀၂၄ ခုနှစ် ပထမသုံးလတွင် အသားတင်အရှုံးပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလျံ ရှိခဲ့သော်လည်း အမြတ်ပမာဏ မည်မျှရှိသည်ကို မသိရသော ရီဗီယန်ကုမ္ပဏီ၏ အက်စ်ယူဗီလျှပ်စစ်ကားများ ထုတ်လုပ်ရာ၌ ဗောက်စ်ဝက်ဂွန်ကုမ္ပဏီက အမေရိကန်ဒေါ်လာ ၁ ဘီလျံ ကနဦးထည့်ဝင်မည်ဟု ဆိုသည်။

ကျန်ဒေါ်လာ ၄ ဘီလျံကိုမူ လာမည့် ၂၀၂၆ ခုနှစ်တွင် ရီဗီယန်ကုမ္ပဏီ၏ လျှပ်စစ်ကားသစ်ထုတ်လုပ်မှုများအတွက် ထည့်ဝင်ရင်းနှီးမြှုပ်နှံသွားမည် ဖြစ်သည်။

တရုတ်လျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီများနှင့် အမေရိကန်၊ ဥရောပသမဂ္ဂ ကုန်သွယ်ရေးအာဏာပိုင်များအကြား အခွန်အတုပ်ဆိုင်ရာတင်းမာမှုအခြေအနေ ရှုပ်ထွေးနေစဉ်အတွင်း ရီဗီယန်နှင့် ဗောက်စ်ဝက်ဂွန်ကုမ္ပဏီနှစ်ခုအကြား ရင်းနှီးမြှုပ်နှံမည့်အစီအစဉ် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



# လူတို့ကို ကြက်ငှက်တုပ်ကွေးရောဂါ မကူးစက်စေရန် ဖင်လန်နိုင်ငံတွင် ကာကွယ်ဆေး စတင်ထိုးနှံပေးမည်

**ဟယ်လ်စင်ကီ ဇွန် ၂၆**

လူတို့ကို ကြက်ငှက်တုပ်ကွေးရောဂါ မကူးစက်စေရန် ဖင်လန်နိုင်ငံတွင် လာမည့်အပတ်မှစတင်၍ ကာကွယ်ဆေးစတင်ထိုးနှံပေးမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဩစတြေးလျအခြေစိုက် စီအက်စ်အယ်လ်ဆေက္ကီရပ်စ်ကုမ္ပဏီမှ ဖော်စပ်ထုတ်လုပ်သော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးများကို လူပေါင်း ၁၀၀၀ အတွက် ဖင်လန်အစိုးရက မှာယူထားသည်။

အဆိုပါကုမ္ပဏီအနေဖြင့် ဥရောပသမဂ္ဂနှင့် ညှိနှိုင်းကာ ဥရောပ ၁၅ နိုင်ငံအတွက် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ဆေး အလုံးရေ သန်း ၄၀ ထုတ်လုပ်သွားမည်ဟု ဆိုသည်။

ဖင်လန်နိုင်ငံတစ်ဝန်းရှိ ကြက်မွေးမြူရေးခြံများရှိ အလုပ်သမားများ၊ ကြက်ငှက်တုပ်ကွေးရောဂါ စစ်ဆေးသူများ၊ ၎င်းတို့နှင့် ဆက်နွယ်ပတ်သက်သူများကို ယင်းကာကွယ်ဆေး ထိုးနှံပေးရန် ဖင်လန်ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**Mon**




STOP AIDS

# ဂရိတ်ဘယ်ရီယာ သန္တာကျောက်တန်းကြီးကို အရေးပေါ် ကာကွယ်စောင့်ရှောက်ရန် လိုအပ်

**ကင်ဘာရာ ဇွန် ၂၆**

ဩစတြေးလျအစိုးရအနေဖြင့် ဂရိတ်ဘယ်ရီယာ သန္တာကျောက်တန်းကြီးကို အရေးပေါ် ကာကွယ်စောင့်ရှောက်ရန် လိုအပ်နေပြီဟု ကုလသမဂ္ဂ လက်အောက်ခံ ယူနက်စကိုအဖွဲ့ကြီးက ဇွန် ၂၄ ရက်တွင် သတိပေးလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါသန္တာကျောက်တန်းကြီး ပျက်သုဉ်းပျောက်ကွယ်တော့မည့် အရိပ်လက္ခဏာများ တွေ့ရသဖြင့် ထိုသို့ သတိပေးလိုက်ခြင်း ဖြစ်သည်။

ယင်းသတိပေးချက်ကို ဩစတြေးလျနိုင်ငံ ပတ်ဝန်းကျင်နှင့် ရေဝန်ကြီး တန်ညာပလီဘာဆက်က ထောက်ခံကြိုဆိုကာ အဆိုပါသန္တာကျောက်တန်းကြီးကို အနေးနှင့် အမြန် ထိန်းသိမ်းသွားမည်ဟု တုံ့ပြန်ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

# တရုတ်နိုင်ငံမှ ချန်ဂီ ၆ လဆင်းယာဉ်၏ အစိတ်အပိုင်း အတွင်းမွန်ဂိုးလီးယားဒေသထဲသို့ ကျဆင်းရောက်ရှိ

**ပေကျင်း ဇွန် ၂၆**

တရုတ်နိုင်ငံမှ ချန်ဂီ ၆ လဆင်းယာဉ်၏ အစိတ်အပိုင်း အာကာသထဲမှ ကမ္ဘာမြေပေါ်သို့ ပြန်ကျလာရာ ဇွန် ၂၅ ရက်က အတွင်းမွန်ဂိုးလီးယားဒေသထဲသို့ ရောက်ရှိလာကြောင်း တရုတ်နေ့စဉ်သတင်းစာက ဖော်ပြသည်။

သက်ဆိုင်ရာ စစ်ဆေးရေးမှူးလေးဦးက ထိုအစိတ်အပိုင်း ကျရောက်လာသောနေရာသို့သွားကာ တရုတ်နိုင်ငံတော်အလံ စိုက်ထူပြီး စစ်ဆေးမှတ်တမ်းတင်ကာ လပေါ်မှ တူးယူသယ်ဆောင်လာသော လမြေသားနမူနာကို ထုတ်ယူခဲ့ကြသည်။

ပထမဆုံးသော လတစ်ဖက်ခြမ်းမှ မြေသားကို မိမိတို့ ချန်ဂီ ၆ အာကာသယာဉ်က တူးယူကာ သမိုင်းမှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့သဖြင့် တရုတ်နိုင်ငံနှင့် ကွန်မြူနစ်ပါတီကိုယ်စား ဂုဏ်ယူဝမ်းမြောက်မိကြောင်း သမ္မတ ရှီကျင့်ဖျင်က ထုတ်ပြန်ကြေညာသည်။

လပေါ်မှ တူးဖော်ကာ ယခုရယူလာသည့် မြေသားနမူနာများအပေါ် အခြေခံကာ အခြားအရေးပါသော အာကာသစူးစမ်းလေ့လာရေးအစီအစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်အကောင်အထည်ဖော်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်း၏ ကြေညာချက်တွင် ထည့်သွင်းဖော်ပြသည်။

လ၏ တစ်ဖက်ခြမ်းအထိ သွားရောက်စူးစမ်းလေ့လာခဲ့သော ချန်ဂီ ၆ အာကာသယာဉ်၏ ခရီးစဉ်သည် စုစုပေါင်း ၅၃ ရက် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဆီဆိုင်မြို့နယ် လွယ်ထွဲကျေးရွာတွင် ပုံမှန်ဈေးလာရောင်းနေသည့် ညောင်ရွှေမြို့နယ် ကျားတွန်ကျေးရွာမှ လူငယ်နှစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်းနှင့် လွယ်မောတောင်ဒေသရှိ ကျေးရွာများကို တစ်အိမ်လျှင် ငွေကျပ်သုံးသောင်း ကောက်ခံခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၂၆**

ဆီဆိုင်မြို့နယ် လွယ်ထွဲကျေးရွာတွင် ပုံမှန်ဈေးလာရောင်းနေသည့် ညောင်ရွှေမြို့နယ်ကျားတွန်ကျေးရွာက လူငယ်နှစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်းနှင့် လွယ်မောတောင်ဒေသရှိ ကျေးရွာများကို တစ်အိမ်လျှင် ငွေကျပ်သုံးသောင်း ကောက်ခံခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက အထင်အမြင်လွဲမှားစေရန် လုံ့ဆော် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆီဆိုင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးခြင်း မရှိကြောင်းနှင့် ကျေးရွာအချို့တွင် ငွေတောင်းခံခဲ့သည်ဆိုသည့် သတင်းမှာလည်း လုပ်ကြံရေးသားသည့် သတင်းအမှားသာဖြစ်ကြောင်း သက်ဆိုင်ရာနယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ဒေသခံပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိမှုအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် မြေပြင်ဖြစ်စဉ်နှင့်ကွဲလွဲနေသည့် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား၍ ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## တရားမဝင် သစ်မျိုးစုံနှင့် စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၆**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့၊ ဘုတ်ချောင်းရပ်ကွက်၊ မြို့ပတ် (၁)လမ်းရှိ ဂိုထောင်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ယိုးဒယား စာတန်းပါ ပဲပိစပ်ဆီ တစ်လီတာပါ ဘူး ၂၄၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၅ ဒသမ ၄၅၃)တန်၊ အခြားသစ်(၁ ဒသမ ၆၈၈)တန်ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇွန် ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကောင်းမှုတော်လမ်းဆုံအနီး၌ တရားဝင် စာရွက်စာတန်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် LifePo4-280 Ah Battery (၈၉)ပုံး၊ သံပုံစံခွက်လေးခုပါ (၃၄၅)ဖာ အပါအဝင် ကုန်ပစ္စည်း(၅၅)မျိုးကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ(၆)မှု ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*

*-*-*-*-*

## နောင်ချိုမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဇွန် ၂၁ ရက် မွန်းလွဲ ၃ နာရီ ၁၅မိနစ်က နောင်ချိုမြို့ဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် လားရှိုးမြို့ဘက်မှ နောင်ချိုမြို့ဘက်သို့ စိုင်းထွန်းလှ(ခ)ထွန်းလှ ဆိုသူ မောင်းနှင်ပြီး စောမိုးကျော်သူ ဆိုသူ လိုက်ပါလာသည့် SOUEAST အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဇွန် ၂၂ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ က အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ စိုင်းမိုးမြင့်သူ ဆိုသူအား ကျိုက်မရောမြို့နယ်၊ ဇာသပြင်တံတားအနီးတွင် SOUEAST အမျိုးအစား မော်တော်ယာဉ်တစ်စီး၊ မြန်မာငွေကျပ် ၅ ဒသမ ၄ သိန်းနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စိုင်းထွန်းလှ(ခ)ထွန်းလှ(၃၄)နှစ်၊ စောမိုးကျော်သူ(၅၁)နှစ်နှင့် စိုင်းမိုးမြင့်သူ(၄၃)နှစ်ဆိုသူတို့အား နောင်ချိုမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဥပဒေဘောင်တွင်း နေထိုင်ခြင်း၊
ဘေးကင်း ရန်ကွာ လွှန်ချမ်းသာ။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "အမေ့ရွာပြန်ချင်တယ်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ဇေယျာသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက်နေ ကျော်ဇေယျာထွန်းအား ည ၁၀ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ ဇွန် ၂၅ ရက်တွင် "Lae War Soe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ပျဉ်းမနားမြို့နယ် ဘောဂသီရိကားကြီးကွင်းနေ လှဲ့ဝါစိုးအား ည ၈ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ @Chitsulay 019 (Happy Family) Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်ရပ်ကွက်နေ စုလှိုင်ဋ္ဌေးအား ည ၁၁ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မိုးသည်းထန်စွာရွာသွန်း သစ်ပင်လဲကျ၍ ရှင်းလင်းဖယ်ရှား

**မိုးညှင်း ဇွန် ၂၆**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နန်းမားမြို့၊ ရှမ်းစုရပ်ကွက်အတွင်းရှိ နေအိမ်ဝင်းအတွင်း ဇွန် ၂၄ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်ခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်ပင်လဲကျ၍ နေအိမ်နောက်ပိုင်း သစ်ကိုင်းများ ပိတ်မိနေကြောင်းသတင်းရရှိသဖြင့် မိုးညှင်းမြို့နယ်၊ နန်းမား နယ်မြေမီးသတ်စခန်းတာဝန်ခံ ဦးဆောင်၍ ရှာဖွေကယ်ဆယ်ရေး သန္နိမီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ သစ်ပင်လဲကျမှုကြောင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။

(ဝ၄၅)

*-*-*-*-*

# ဆလိုဗက်ကီးယားနှင့် ရိုမေးနီးယား သရေရလဒ်ရယူကာ ၁၆သင်းအဆင့်တက်လှမ်း၊ ဘယ်လ်ဂျီယံတို့ ယူကရိန်းအား သရေကစားကာ အုပ်စုဒုတိယနေရာရယူ


ရိုမေးနီးယားအသင်း၊ အောင်ပွဲခံနေစဉ်

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ အုပ်စု(င)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၀နာရီ ၃၀မိနစ်က ဂျာမနီနိုင်ငံ၊ ဖရန့်ဖတ်မြို့၊ ဖရန့်ဖတ်ဘောလုံးကွင်းတွင် ဆလိုဗက်ကီးယားအသင်းနှင့် ရိုမေးနီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဆလိုဗက်ကီးယားအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၂၄မိနစ်တွင် ဒူဒါက သွင်းယူပေးခဲ့ပြီး၊ ရိုမေးနီးယားအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၃၇မိနစ်တွင် မာရင်က သွင်းယူပေးခဲ့သည်။

ဂျာမနီနိုင်ငံ၊ စတုဂတ်မြို့၊ စတုဂတ်ဘောလုံးကွင်းတွင် ယနေ့ မြန်မာစံတော်ချိန် ည ၁၀နာရီ ၃၀မိနစ်က ဘယ်လ်ဂျီယံအသင်းနှင့် ယူကရိန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သည်။

ယခုပွဲစဉ်တွင် နှစ်သင်းစလုံးဂိုးရရှိရေးအကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း ပွဲပြီးဆုံးချိန်ထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

၂၀၂၄ ဥရောပဖလားဘောလုံးပြိုင်ပွဲ၊ အုပ်စု(င)ပွဲစဉ်အားလုံးကစားအပြီးတွင် ရိုမေးနီးယားအသင်းက ရမှတ် ၄မှတ်ဖြင့် အုပ်စုပထမ၊ ဘယ်လ်ဂျီယံအသင်းကလည်း ရမှတ် ၄မှတ် ဂိုးကွာခြားမှုကြောင့် အုပ်စုဒုတိယ၊ ဆလိုဗက်ကီးယားအသင်းက ရမှတ် ၄မှတ်ရရှိကာ ဂိုးကွာခြားမှုဖြင့် အကောင်းဆုံး အုပ်စုတတိယဖြင့် ၁၆သင်းအဆင့် တက်ရောက်နိုင်ခဲ့ပြီး၊ ယူကရိန်းအသင်းသည်လည်း ရမှတ် ၄မှတ်ဖြင့် ရမှတ်တူညီခဲ့သော်လည်း ဂိုးကွာခြားချက်ကြောင့် အုပ်စုစတုတ္ထဖြင့် နောက်တစ်ဆင့်တက်ရောက်နိုင်မည့် အခွင့်အရေး ဆုံးရှုံးခဲ့ရသည်။

**နိုင်ကမ္ဘာ**



## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်များ ကျင်းပ

**မန္တလေး ဇွန် ၂၆**

၂၀၂၄ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်ပြိုင်ပွဲများကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာအားကစားကွင်းနှင့် ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်းတို့တွင် ယနေ့ ညနေပိုင်းက ကျင်းပရာ ဗထူးကွင်းပွဲတွင် ကျောက်ဆည်ခရိုင်အသင်းနှင့် သပိတ်ကျင်းခရိုင်အသင်းတို့ ယှဉ်ပြိုင်ကြရာ ကျောက်ဆည်ခရိုင်အသင်းက ၇ဂိုး၊ ၁ဂိုးဖြင့် နိုင်ပြီး ဒုတိယရှုံးထွက်ပွဲတွင်လည်း မဟာအောင်မြေခရိုင်အသင်းနှင့် အမရပူရခရိုင်အသင်းတို့ ယှဉ်ပြိုင်ကြရာ မဟာအောင်မြေခရိုင်အသင်းက ၃ဂိုး၊ ၁ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း နှင့် အောင်မြေမန္တလာကွင်းရှုံးထွက်ပွဲစဉ်တွင် ညောင်ဦးခရိုင်အသင်းနှင့် ပြင်ဦးလွင်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကြရာ ညောင်ဦးခရိုင်အသင်းက တစ်ဂိုး၊ ဂိုးမရှိဖြင့် နိုင်ပြီး ဒုတိယရှုံးထွက်ပွဲတွင် ရမည်းသင်းခရိုင်အသင်းနှင့် အောင်မြေသာစံခရိုင်အသင်းတို့ ယှဉ်ပြိုင်ကြရာ ရမည်းသင်းခရိုင်အသင်းက ၈ဂိုး ပြတ်ဖြင့် အနိုင်ရရှိကြပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်နှင့် တာဝန်ရှိသူများ၊ ခရိုင်အား/ကာ လက်ထောက်ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီမှ တာဝန်ရှိသူများ ပြိုင်ပွဲဝင်ခရိုင်အသင်းတို့မှ အုပ်ချုပ်သူနည်းပြဆရာများ၊ ဘောလုံးဒိုင်လူကြီးများ ဖိတ်ကြားထားသူများ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြကြောင်းနှင့် အကြိုဗိုလ်လုပွဲစဉ် အမျိုးသမီးဘောလုံးပြိုင်ပွဲတို့ကို ဇွန် ၂၈ရက်တွင် ကျင်းပမည်ဖြစ်ရာ ပထမအကြိုဗိုလ်လုပွဲအဖြစ် ညောင်ဦးခရိုင်အသင်းနှင့် ကျောက်ဆည်ခရိုင်အသင်း၊ ဇွန် ၂၉ရက်တွင် ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ရမည်းသင်းခရိုင်အသင်းနှင့် မဟာအောင်မြေခရိုင်အသင်းတို့ အောင်မြေမန္တလာကွင်းတွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(ဝ၄ဝ)**

| ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ အုပ်စု (စ) ပွဲစဉ် | | | |
|---|---|---|---|
| ဂျော်ဂျီယာ | ၂ | ၀ | ပေါ်တူဂီ |
| ချက် | ၁ | ၂ | တူရကီယဲ |

ပေါ်တူဂီအသင်းက အုပ်စုပထမ၊ တူရကီယဲအသင်းက အုပ်စုဒုတိယ၊ ဂျော်ဂျီယာအသင်းက အကောင်းဆုံး အုပ်စုတတိယဖြင့် ၁၆သင်းအဆင့် တက်ရောက်ခဲ့ပြီး၊ ချက်အသင်းက ရမှတ် ၂မှတ်ဖြင့် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသည်။

**(NGB)**

## မဟာအောင်မြေမြို့နယ်၌ အသက်(၁၈)နှစ်နှင့်အထက် စာရင်းများရေးသွင်းတိုက်ဆိုင်စစ်ဆေး ဆောင်ရွက်လျက်ရှိ

**မန္တလေး ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်အတွင်း နေထိုင်သူများ အတည်ပြုလူဦးရေစာရင်းမှန်ကန်စေရေး စတုတ္ထအကြိမ် မူကြမ်းစာရင်းစစ်ဆေးခြင်းကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ယနေ့ နံနက်ပိုင်းတွင် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စာရင်းများရေးသွင်းခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မဟာအောင်မြေမြို့နယ် မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများ ပူးပေါင်း၍ စာရင်းများမှားယွင်းမှုမရှိစေရေး တိုက်ဆိုင်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လင်းနိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဦးရဲမင်းလွင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မဟာအောင်မြေမြို့နယ် ဦးစီးမှူး ဦးကောင်းမြတ်ကျော်တို့က ကြည့်ရှုအားပေးပြီး အသက်(၁၈)နှစ်နှင့်အထက် လူဦးရေစာရင်းများ ရေးသွင်းခြင်း မှားယွင်းမှုများမဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(အောင်ဇော်မင်း)**



## အမရပူရမြို့နယ်၌ အသက်(၁၈)နှစ်နှင့် အထက် စာရင်းရေးသွင်းတိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်

**အမရပူရ ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်း နေထိုင်သူများ အတည်ပြုလူဦးရေ စာရင်းမှန်ကန်စေရေး အသက်(၁၈)နှစ်နှင့်အထက် လူဦးရေစာရင်းများ ရေးသွင်းခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမရပူရမြို့နယ်ရုံးတွင် ယမန်နေ့ နံနက်ပိုင်းက စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စာရင်းများရေးသွင်းခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အမရပူရမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများ ပူးပေါင်း၍စာရင်းများ မှားယွင်းမှုမရှိစေရေး တိုက်ဆိုင်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။



အဆိုပါစာရင်းရေးသွင်း တိုက်ဆိုင်စစ်ဆေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွှန့်ဦး၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲကော်မရှင်ဦးစီးအရာရှိ ဒေါ်နန်းအေးမိုး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အမရပူရမြို့နယ် ဦးစီးမှူး ဦးတင်ကိုကိုဝင်းတို့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(စိုးသီဟ-အမရ)**

# နိုင်ငံတကာ အားကစား သတင်းများ

## အီဒါဆင်အား ခေါ်ယူရန် အက်သလက်တီကိုမက်ဒရစ်အသင်း အလျင်အမြန်စီစဉ်

**မက်ဒရစ် ဇွန် ၂၆**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် အတ္တလန္တာအသင်း ကွင်းလယ်ကစားသမား အီဒါဆင်အား ခေါ်ယူရန် အလျင်အမြန် စီစဉ်လျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အတ္တလန္တာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံပွဲ ၉၀ကစားပြီး ၈ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

အတ္တလန္တာအသင်းကလည်း အီဒါဆင်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ် ရှိသည်။

ထို့ကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် အီဒါဆင်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(ယာပုံ)

(NGB)



## အက်ရှ်လေယမန်း အဲဗာတန်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇွန် ၂၆**

အဲဗာတန်အသင်းသည် အသင်းတောင်ပံတိုက်စစ်ကစားသမား အက်ရှ်လေယန်းအား တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တောင်ပံတိုက်စစ်ကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက အဲဗာတန်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၄ပွဲကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ (ယာပုံ)

အသက်(၃၈)နှစ်အရွယ်ရှိ အက်ရှ်လေယန်းက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုး စာချုပ်ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းမှာကစားရတာလည်း အလွန်ပျော်ရွှင်ပါတယ်။ လာမည့် ဘောလုံးရာသီမှာလည်း ဒီအသင်းနဲ့အတူ အောင်မြင်မှုများ ရယူသွားလိုပါတယ်" ဟု ပြောသည်။ (NGB)



## တိုင်လာမော်တန်အား ခေါ်ယူရန် လိုက်ပဇစ်အသင်း စိတ်ဝင်စား



**လိုက်ပဇစ် ဇွန် ၂၆**

ဘွန်ဒက်လီဂါကလပ် လိုက်ပဇစ်အသင်းသည် လီဗာပူးအသင်း ကွင်းလယ်ကစားသမား တိုင်လာမော်တန်အား ခေါ်ယူရန် စိတ်ဝင်စားလျက် ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့်ဘောလုံးရာသီက လီဗာပူးအသင်းမှ ဟူးလ်စီးတီးအသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၄၁ပွဲကစားပြီး ၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လိုက်ပဇစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား တိုင်လာမော်ဒန်ကလည်း ပုံမှန်ပွဲထွက်ခွင့်များ ရရှိရန်အတွက် အသင်းပြောင်းရွှေ့ကစားဖွယ် ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။ (အပေါ်ဝဲပုံ)

ထို့ကြောင့်လိုက်ပဇစ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် လီဗာပူးအသင်းထံမှ တိုင်လာမော်တန်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(NGB)

## ကလော်ဒီယိုဘရာဗို ချီလီအသင်းနှင့်အတူ နိုင်ငံတကာပွဲပေါင်း(၁၅၀)ပြည့်မြောက်

**လန်ဒန် ဇွန် ၂၆**

ချီလီအသင်း ဝါရင့်ဂိုးသမား ကလော်ဒီယိုဘရာဗိုအသင်းနှင့်အတူ နိုင်ငံတကာပွဲပေါင်း ၁၅၀ ပြည့်မြောက်သည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ ဂိုးသမားသည် ချီလီအသင်းက အာဂျင်တီးနားအသင်းအား တစ်ဂိုး၊ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

ဂိုးသမား ကလော်ဒီယိုဘရာဗိုသည် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ချီလီအသင်းနှင့်အတူ ၂၀၀၄မှ၂၀၂၄အထိ ပွဲပေါင်း ၁၅၀ ကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့သည်။ (အောက်ပုံ)

အသက် (၄၁)နှစ်အရွယ်ရှိ ကလော်ဒီယိုဘရာဗိုက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် နိုင်ငံအသင်းနှင့် ရလဒ်ကောင်းရယူနိုင်ဖို့ ကြိုးစားသွားမှာပါ" ဟု ပြောသည်။ (NGB)

## 2024 Mallorca Championships တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Gael Monfils တက်ရောက်

**မာယော့ကာ ဇွန် ၂၆**

စပိန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Mallorca Championships တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ပြင်သစ်တင်းနစ်ကစားသမား Gael Monfils တက်ရောက်ခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ်ကစားသမား Gael Monfils သည် 2024 Mallorca Championships တင်းနစ်ပြိုင်ပွဲဒုတိယအဆင့်တွင် အိမ်ရှင်စပိန် တင်းနစ်ကစားသမား Roberto Carballes Baena အား ၆-၃၊ ၆-၄ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 Mallorca Championships တင်းနစ်ပြိုင်ပွဲ ကွာတား ဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Gael Monfils နှင့် အိမ်ရှင်စပိန်တင်းနစ်ကစားသမား Roberto Bautista Agut တို့ ယှဉ်ပြိုင် ကစားသွားမည် ဖြစ်သည်။

(အောက်ပုံ)(NGB)



### အရှေ့တောင်အာရှ(ယူ-၁၆)ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (အုပ်စု-က)နောက်ဆုံးပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၇-၆-၂၀၂၄ ကြာသပတေးနေ့ | ည၇း၀၀နာရီ | အင်ဒိုနီးရှား - လာအို |
| ။ | ။ | ဖိလစ်ပိုင် - စင်ကာပူ |



## ၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ

### အုပ်စုအဆင့်

နိုင်ကမ္ဘာ

**အုပ်စု(ဂ)ပွဲစဉ်များ**

**ပွဲစဉ်(၁)ရလဒ်များ** အမေရိကန် ၂-၀ ဘိုလီးဗီးယား ဥရုဂွေး ၃-၁ ပနားမား

**ပနားမား - အမေရိကန်**

**ဇွန် ၂၈ရက်၊ (သောကြာနေ့)၊ နံနက် ၄း၃၀နာရီ**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၂၀၁၇ | ပနားမား | ၁-၁ | အမေရိကန် | ၄-၀ | ပနားမား | (ကမ္ဘာ့ဖလား ၂၀၁၈ ခြေစစ်ပွဲ) |
| ၂၇-၆-၂၀၁၉ | ပနားမား | ၀-၁ | အမရိကန် | | | (ကွန်ကာကပ်ရွှေဖလားပွဲအုပ်စု) |
| ၂၀၂၁-၂၂ | ပနားမား | ၁-၀ | အမေရိကန် | ၅-၁ | ပနားမား | (ကမ္ဘာ့ဖလား ၂၀၂၂ ခြေစစ်ပွဲ) |
| ၁၃-၇-၂၀၂၃ | အမေရိကန် | ၁-၁ | ပနားမား | | | (ကွန်ကာကပ်ရွှေဖလားပွဲ ဆီမီး) |
| | (ပင်နယ်တီ | ၄-၅ | ဖြင့် ပနားမားနိုင်) | | | |

ကမ္ဘာ့အဆင့်(၄၃)ရှိသည့် ပနားမားအသင်းနှင့် ကမ္ဘာ့အဆင့်(၁၁)ရှိသည့် အိမ်ရှင်အမေရိကန်အသင်းတို့သည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ (၂၇)ကြိမ် ဆုံတွေ့ခဲ့ရာ ပနားမားက (၄)ကြိမ်သာ အနိုင်ရထားပြီး (၄)ကြိမ် သရေကျကာ (၁၉)ကြိမ်အထိ ရှုံးနိမ့်ထား၍ ယခုပွဲတွင် အိမ်ရှင်အမေရိကန်တို့ သေချာပေါက်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

**ပနားမား–ရှုံး၊နိုင်၊နိုင်၊ရှုံး၊ရှုံး** **အမေရိကန်–နိုင်၊နိုင်၊ရှုံး၊သရေ၊နိုင်**

**ဥရုဂွေး - ဘိုလီဘီးယား**

**ဇွန် ၂၈ရက်၊ (သောကြာနေ့)၊ နံနက် ၇း၃၀နာရီ**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၂၀၁၀-၁၂ | ဥရုဂွေး | ၄-၂ | ဘိုလီးဗီးယား | ၄-၁ | ဥရုဂွေး | (ကမ္ဘာ့ဖလား ၂၀၁၄ ခြေစစ်ပွဲ) |
| ၂၀၁၅-၁၇ | ဥရုဂွေး | ၄-၂ | ဘိုလီးဗီးယား | ၀-၂ | ဥရုဂွေး | (ကမ္ဘာ့ဖလား ၂၀၁၈ ခြေစစ်ပွဲ) |
| ၂၅-၆-၂၀၂၁ | ဘိုလီးဗီးယား | ၀-၂ | ဥရုဂွေး | | | (ကိုပါ အမေရိကဖလား အုပ်စု) |
| ၂၀၂၁ | ဥရုဂွေး | ၄-၂ | ဘိုလီးဗီးယား | ၃-၀ | ဥရုဂွေး | (ကမ္ဘာ့ဖလား ၂၀၂၂ ခြေစစ်ပွဲ) |
| ၂၂-၁၁-၂၀၂၃ | ဥရုဂွေး | ၃-၀ | ဘိုလီးဗီးယား | | | (ကမ္ဘာ့ဖလား ၂၀၂၆ ခြေစစ်ပွဲ) |

ကမ္ဘာ့အဆင့်(၁၄)ရှိသည့် ဥရုဂွေးအသင်းနှင့် ကမ္ဘာ့အဆင့် (၈၅)ရှိသည့် ဘိုလီးဗီးယားတို့သည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ အကြိမ်(၂၀)ဆုံတွေ့ခဲ့ရာ ဥရုဂွေးက (၁၃)ကြိမ် အနိုင်ရပြီး (၃)ကြိမ် သရေကျကာ (၄)ကြိမ်သာ ရှုံးနိမ့်ထားသည့်အတွက် အစဉ်အလာအရ ဥရုဂွေးတို့ အသာရနေသည့်အတွက် ဥရုဂွေးတို့ ပြတ်သားစွာ အနိုင်ရမည့် ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

**ဥရုဂွေး–သရေ၊ ရှုံး၊ သရေ၊ နိုင်၊ နိုင်** **ဘိုလီးဗီးယား–နိုင်၊ရှုံး၊ရှုံး၊ရှုံး၊ရှုံး**

# အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

**မန္တလေး ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို နံနက် ၆ နာရီခွဲမှစတင်ကာ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်(ဟ-၁၆)၊ ၁၁၇လမ်း၊ ၅၈လမ်းနှင့်လမ်း၆၀ကြားတွင် ရောင်းချပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဆန်ကုန်သည်များအသင်း၊ ဆန်စက်ပိုင်များအသင်း၊ ဆန်လက်လီရောင်းချသူများတို့က ရည်ညွှန်းဈေးအတိုင်း ရွှေဘိုပေါ်ဆန်း၊ ဧရာမင်း၊ ဧည့်မထဆန်များကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံစားသောက်ကုန်သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို ဇွန် ၂၇ ရက်တွင် အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ ဝက်ကုန်းရပ်၊ တမာတန်းလမ်း၊ စစ်ကိုင်း-မန္တလေးလမ်းအရှေ့ဘက်၊ ရှင်ပင်ဆပ်သွားဘုရားအနီးတွင်လည်းကောင်း၊ ဇွန် ၂၈ ရက်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံးကြီး၊ ၂၆လမ်းနှင့်၂၇လမ်းကြား၊ ၇၁လမ်းနှင့်၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှစတင်ကာ ရောင်းချပေးသွားမည် ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

*-*-*-*-*





# မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အရိပ်ရသစ်ပင် ၁၅၀ စိုက်ပျိုး

**ညောင်ဦး ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝဘေးအန္တရာယ်ဒဏ်ခံရခြင်းများမှ ကြိုတင်ကာကွယ်နိုင်ရန် ညောင်ဦးမြို့နယ်၊ ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးဆောင်ကာ ဇွန် ၂၁ ရက် နံနက် ၇ နာရီက ညောင်ဦးခရိုင် စားသုံးသူရေးဦးစီးဌာန၊ ရုံးဝင်းအတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပခဲ့သည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးမည့် သစ်ပင်များအား တာဝန်ရှိသူများက ပေးအပ်ကြပြီး ညောင်ဦးခရိုင် စီမံအုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့်မြို့နယ်စီမံအဖွဲ့ဝင် ဦးဆန်းထွန်းဦး၊ ညောင်ဦးခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းနိုင်ဦးနှင့် ဝန်ထမ်းများ၊ ညောင်ဦးခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ညောင်ဦးခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှမ့်သီတာချိုဇင်နှင့် အဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာဝင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဝင်များက စိန်ပန်း၊ ကုက္ကိုလ်၊ မန်ကျည်းပင်များ စိုက်ပျိုးကြရာ စုစုပေါင်းအပင်ရေ ၁၅၀ ပင်အား စိုက်ပျိုးခဲ့ကြောင်း သိရကာ အမှတ်တရ မှတ်တမ်းဓာတ်ပုံ ရိုက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၈၁)**

*-*-*-*-*-*-*

တံတားနှင့် လမ်း၊ ဆေးခန်းနှင့် ကျောင်း၊
ဆည်မြောင်းနှင့် ကန်
သစ်ပင်ရုံမှ သဏ္ဌာန်လှပ ပန်ရလိမ့်။

# လက်ထောက်မီးသတ်ဦးစီးမှူးလောင်း သင်တန်းသား၊ သင်တန်းသူများ စက်ရုံမီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှုလေ့လာ

**မန္တလေး ဇွန် ၂၆**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)မှ ဒုတိယကျောင်းအုပ်ကြီး၊ တာဝန်ခံအရာရှိများ လိုက်ပါလျက် ဇွန် ၂၄ရက်က လက်ထောက်မီးသတ်ဦးစီးမှူးလောင်းသင်တန်း အမှတ်စဉ် (၂၂/၂၀၂၄) သင်တန်းသား၊ သင်တန်းသူများသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်ရှိ UPG သဘော်ဆေးစက်ရုံ၊ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ Grand Royal စက်ရုံ ချမ်းအေးသာစံမြို့နယ်ရှိ ibis Style Hotel တို့တွင် တပ်ဆင်ထားသော မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှုများကို လာရောက်လေ့လာကြသည်။

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းတို့က လေ့လာရေးသင်တန်းသား၊ သင်တန်းသူများကို ခေတ်မီမီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းများ တပ်ဆင်ထားရှိမှုများအား ရှင်းလင်းပြသသည်။ **(ဝဲပုံ)**



လေ့လာရေးလက်ထောက်မီးသတ်ဦးစီးမှူးလောင်းသင်တန်းသား၊ သင်တန်းသူများအား မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက နေ့လယ်စာ၊ အအေး၊ ရေသန့်တို့ဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။ **(၀၄၅)**

# မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးသော နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျွန်းလှ ဇွန် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် နွေရာသီ၌ မျိုးစေ့ချကိရိယာ (Drum Seeder) အသုံးပြုစိုက်ပျိုးသော နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကြောင်း ဒေသခံတောင်သူများထံက သိရသည်။

"ကျွန်တော် ဒီနှစ် ချောင်းရေတင်ပြီး နွေစပါး ၅ ဧက စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးရာမှာ မျိုးစေ့ချကိရိယာနဲ့ မျိုးစေ့အညှောင့်ဖောက်စိုက်ပျိုးပါတယ်။ ယခုအခါ စပါးစိုက်ခင်းမှာ စပါးနှံတွေနဲ့ အောင်မြင်ဖြစ်ထွန်းပြီး မကြာမီ ရိတ်သိမ်းရမည် ဖြစ်ပါတယ်"ဟု ရှမ်းစုကျေးရွာ နွေစပါးစိုက်တောင်သူ ဦးသံချောင်းက ပြောသည်။

အဆိုပါနွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသရာသီဥတုနှင့်ကိုက်ညီသည့် စပါးမျိုးရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ သမန်းနိုးပေါင်းထိုး ဆောင်ရွက်ပေးခြင်း၊ ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာ ရောင်းချပေးခြင်း ဆောင်ရွက်ပေးခဲ့သည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် နွေရာသီ၌ နွေစပါး စိုက်ပျိုးရန် ၁၆၆ ဧက လျာထားပြီး ၃၃၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ရာသီအလိုက် သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိနေကြကြောင်း သိရသည်။

**(အောက်ပုံ)(၄၈၀)**



# မဟာအောင်မြေမြို့နယ်၊ ၆၂လမ်း၊ မနော်ရမ္မံကွင်းတွင် မြို့တော်ညဈေး ဖွင့်လှစ်မည်

**မန္တလေး ဇွန် ၂၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ ၆၂လမ်းနှင့်၆၂(A)လမ်းကြား၊ ၃၉လမ်းနှင့်၄၁လမ်းကြား၊ ၆၂လမ်း၏ အနောက်ဘက်ခြမ်း၊ မနော်ရမ္မံကွင်း၊ ဧရိယာ ၅၃၀၇၃ စတုရန်းပေနှင့် ပလက်ဖောင်းဧရိယာ ၂၅၄၂၅ စတုရန်းပေ အပါအဝင် စုစုပေါင်းဧရိယာ ၇၈၄၉၈ စတုရန်းပေ အကျယ်ရှိ မြေနေရာတွင် မြို့တော်ညဈေး ဖွင့်လှစ်သွားမည်။

မြို့တော်ညဈေး ဖွင့်လှစ်နိုင်ရေးအတွက် မဟာအောင်မြေမြို့နယ်၊ ၆၂လမ်း၊ ၃၉လမ်းနှင့်၄၁လမ်းကြား အနောက်ဘက်ခြမ်းတွင် လမ်းဘေးပလက်ဖောင်းများ မြှင့်တင်၍ ကွန်ကရစ်ခင်းခြင်း၊ ရေဆင်းမြောင်းများကို ဇွန်လဆန်းပိုင်းမှ စတင်ပြုလုပ်လျက်ရှိသည်။

မြို့တော်ညဈေး(မနော်ရမ္မံ) ဖွင့်လှစ်နိုင်ရေးအတွက် ကွင်းအတွင်းတွင် Win Hap Co,Ltd က အခြေခံသံထည် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရေမြောင်းများ ဖောက်လုပ်ခြင်း၊ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ စတင်ပြုလုပ်လျက်ရှိသည်။ မြို့တော်ညဈေးဆိုင်ခန်း ဖွင့်လှစ်လိုသူများအနေဖြင့် ဖုန်း ၀၉-၅၁၇၈၄၇၆ နှင့် ဖုန်း ၀၉-၄၄၄၀၂၂၀၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(၀၄၅)**

# ကန့်ဘလူခရိုင်၌ မိုးရာသီ သီးနှံစုံ ဧက ၆၄၅၀၀၀ ကျော် လျာထားစိုက်ပျိုးသွားမည်

**ကန့်ဘလူ ဇွန် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြသူများဖြစ်ပြီး နွေ၊ မိုး၊ ဆောင်းရာသီအလိုက် သီးနှံများကို စိုက်ပျိုးကြသည်။ ယခုနှစ် မိုးရာသီတွင် ဆည်ရေသောက်၊ ချောင်းပိတ်၊ မြောင်းပိတ်၊ လျှပ်စစ်ရေတင်၊ မိုးကောင်းသောက်ရေနှင့် မြေအောက်ရေတင်စနစ်များဖြင့် ခရိုင်အတွင်းရှိ မြို့နယ်များ၌ မိုးရာသီသီးနှံစုံ ၆၄၅၇၉၃ ဧကကို လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်အတွင်းရှိ ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့တွင် မိုးရာသီ သီးနှံစုံ အမျိုးအစားအလိုက် လျာထားဧကများမှာ မိုးစပါး ၁၇၆၆၅၅ ဧက၊ ပဲမျိုးစုံ(ပဲတီစိမ်း၊ ပဲစင်းငုံ၊ စွန်တာပြာ၊ ထောပတ်ပဲ စသည်) ၂၄၆၇၇၄ ဧက၊ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) ၅၉၅၀၂ ဧက၊ ကြံသီးနှံ ၁၁၀၆ ဧက၊ ဝါသီးနှံ ၈၀ ဧက၊ စားဖိုဆောင်သီးနှံ ၁၅ ဧက၊ အခြားသီးနှံ ၁၂၃၄၃ ဧက၊ နှစ်ရှည်ပင် ၃၇၀၁၃ ဧက၊ ပရဆေးပင် ၁၂၀၅ ဧကဖြစ်သည်။

ကန့်ဘလူခရိုင်၌ ယခုနှစ် မိုးရာသီ သီးနှံစုံစိုက်ပျိုးရာတွင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ စက်မှုလယ်ယာဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက တာဝန်ခွဲဝေဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးများသို့ အကူအညီတောင်းခံနိုင်သည်။



ယခုနှစ် မိုးရာသီ သီးနှံများ စိုက်ပျိုးရာတွင် မိုးစပါးသီးနှံများကို ဇူလိုင်လဆန်းပိုင်းတွင် လယ်ထွန်ခြင်း၊ ပျိုးထောင်ခြင်းများ ဆောင်ရွက်၍ ဇူလိုင်လလယ်၌ စတင်စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ ပဲမျိုးစုံသီးနှံများ၊ ဆီထွက်သီးနှံများနှင့်အခြားသီးနှံများကို မေလကစတင် စိုက်ပျိုးခဲ့ရာ ပဲမျိုးစုံ ၁၄၃၈၈ ဧက၊ ဆီထွက်သီးနှံစုံ ၁၂၆၇၈ ဧက၊ ကြံသီးနှံ ၈၈၀ ဧကနှင့်အခြားသီးနှံစုံ ၇၄၀၉ ဧကစိုက်ပျိုးပြီးစီးပြီး ယမန်နှစ်က မိုးရာသီ သီးနှံစုံ ၆၃၇၉၆၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ (ဝဲပုံ)

(၄၈၀)



# ပြည်တွင်း အာလူးဈေးကွက် လာမည့်လတွင် ဈေးကောင်းရနိုင်

ပြည်တွင်းအာလူးဈေးကွက်တွင် ပြီးခဲ့သည့် ဧပြီလ သင်္ကြန်ပြီးနောက်ပိုင်းမှ မေလတို့တွင် ဈေးနိမ့်ခဲ့ပြီး စိုက်ပျိုးတောင်သူများ တွက်ခြေမကိုက်ခဲ့သော်လည်း လာမည့်ဇူလိုင်လတွင် ဈေးကောင်းရနိုင်ကြောင်း အာလူးကုန်သည်တစ်ဦးက သုံးသပ်သည်။

လက်ရှိတွင် ရောင်းလိုအားနှင့် ဝယ်လိုအားမှာ ပုံမှန် မျှတသည့်အခြေအနေရှိ၍ ရာသီဥတုဒဏ်ကြောင့် အာလူးထွက်နှုန်းနည်းခဲ့သည်ဟု ဆိုသည်။

"သင်္ကြန်ပြီးနောက်ပိုင်း အနိမ့်ဆုံးဈေးထိ ရောက်ခဲ့ပြီး ခုလမှာ ဈေးမြင့်လာခဲ့တယ်။ အာလူးစိုက်ပျိုးတဲ့ဒေသတွေမှာ ပူပြင်းတဲ့ဒဏ်ကြောင့် အာလူးအထွက်နှုန်းနည်းသလို အာလူးခုတ်တဲ့အခါနဲ့ ရောင်းချတဲ့သူတွေ လက်ထဲမှာ အပျက်အစီးရှိတယ်။ အာလူးလက်ကျန်နည်းလာတာကြောင့် လာမယ့်ဇူလိုင်လမှာ ဈေးကောင်းရလာနိုင်တယ်"ဟု ၎င်းက သုံးသပ်သည်။ **(အပေါ်ပုံ)**

ယခုနှစ်တွင် ရှမ်းပြည်နယ် အာလူးစိုက်ပျိုးရာဒေသများတွင် သာမန်ထက် ပူပြင်းသည့်ရာသီဥတုဒဏ်နှင့် မိုးဒဏ်ကြောင့် အာလူးအထွက်နှုန်း လျော့နည်းသော်လည်း သင်္ကြန်ပြီးနောက်ပိုင်းမှ ဇွန်လဆန်းပိုင်းအထိ အာလူးဈေးကွက်အနိမ့်ဆုံးရှိရာမှ လက်ကျန်နည်းပါးလာသောကြောင့် ဈေးမြင့်လာကြောင်း သိရသည်။

"သင်္ကြန်နောက်ပိုင်းမှာ အာလူးတစ်ပိဿာ ငွေကျပ် ၁၃၀၀ လောက်အထိ ဈေးကျခဲ့တယ်။ ပူပြင်းမှုကြောင့် အာလူးတူးတဲ့သူတွေ အပျက်အစီးများသလို ဝယ်လှောင်သူတွေ လက်ထဲမှာ အာလူး ပုပ်တာမျိုးရှိတယ်။ မေလမှာ ဈေးနည်းနည်းတက်လာပြီး ငွေကျပ် ၂၀၀၀ ဝန်းကျင် ဖြစ်လာတယ်။ အာလူးအရင်းက ငွေကျပ် ၂၀၀၀ လောက် ရှိတယ်"ဟု ဆက်လက်ပြောကြားသည်။

ဈေးကွက်တွင် အာလူးတစ်ပိဿာ ငွေကျပ် ၂၀၀၀ ဝန်းကျင် ကုန်ကျစရိတ်ရှိသည့်အတွက် စားဖိုချောင်စားသုံးသည့် အာလူးတစ်ပိဿာ ငွေကျပ် ၂၅၀၀ နှင့် အကြော်အလှော်သုံးအာလူးက တစ်ပိဿာ ၃၀၀၀ ကျော်ရရှိပါက တောင်သူများ ရပ်တည်နိုင်ကြောင်း၊ လက်ရှိ အာလူးပေါက်ဈေးတွင် စားဖိုချောင်သုံးအာလူးမှာ တစ်ပိဿာ ငွေကျပ် ၂၃၀၀ ဝန်းကျင်နှင့် အကြော်အလှော်အာလူးမှာ တစ်ပိဿာ ငွေကျပ် ၃၃၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

အာလူးစိုက်ပျိုးသူများအတွက် အာလူးစိုက်ပျိုးထုတ်လုပ်သူများအသင်းအနေဖြင့် တရုတ်နှင့် နယ်သာလန်နိုင်ငံတို့မှ အာလူးမျိုးများ နှစ်စဉ် တင်သွင်းလျက်ရှိသော်လည်း ၂၀၂၃ ခုနှစ်နောက်ပိုင်း နယ်သာလန်မှတင်သွင်းမှုမှာ ခရီးဝေးကွာခြင်းနှင့် အခြားအခြေအနေများကြောင့် စိုက်ပျိုးရာသီ ကျော်လွန်မှ ရောက်ရှိလာခဲ့သည်ဟု ဆိုသည်။ **(မန္တလေးနေ့စဉ်-၉)**

# ကျိုင်းတုံမြို့နယ်တွင် ရေပိုက်လိုင်းများ တူးဖော်ဆောင်ရွက်နေမှု စစ်ဆေး

**ကျိုင်းတုံ ဇွန် ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ရေပိုက်လိုင်းများ တူးဖော်ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ဇွန် ၂၅ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနခွဲ(ကျိုင်းတုံ)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် ပြည်နယ် ဘဏ္ဍာရန်ပုံငွေကျပ် ၄၉ ဒသမ ၅၀ သန်းဖြင့် ဆောင်ရွက်သည့် ရှစ်မိုင်ရေပေးဝေရေးစခန်းမှ ကျိုင်းတုံမြို့ပေါ်သို့ ရေပေးနေသည့် GI ရေပိုက်လိုင်းအဟောင်းများ တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို စစ်ဆေးကြပြီး ဒုတိယအင်ဂျင်နီယာမှူးကြီးက လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးအောင်ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ကျိုင်းတုံမြို့ တောင်ကြီး-ကျိုင်းတုံကားလမ်းမကြီး လမ်းမြေချဲ့ထွင်ရာတွင် လမ်းနယ်နိမိတ်လွတ်ကင်းစေရန်အတွက် အချင်းရှစ်လက်မရှိ GI ရေပိုက်လိုင်း(အဟောင်း)များ အရှည် ၁၁၅၀ပေ တူးဖော်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့် နောင်တုံဆောက်လုပ်ရေးကုမ္ပဏီမှ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

**ကျော်စောဦး(မောရှမ်းမြေ)**

# သင်္ဂဇာချောင်းနှင့် ကန်တော်ကြီး သန့်ရှင်းသာယာလှပရေး နေ့စဉ် ဆောင်ရွက်

**မန္တလေး ဇွန် ၂၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန် ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့်သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဂဇာချောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်းအတွင်းမှ ဗေဒါ၊ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ၂၂လမ်းနှင့်၂၃လမ်းကြား ချောင်းအတွင်းမှ ဗေဒါနှင့် ဒိုက်များကို Longarm စက်နှင့် ဗိုးဘက်ဟိုးစက် အသုံးပြု၍ ဆယ်ယူရှင်းလင်းခြင်းနှင့် ၂၅လမ်းနှင့်၂၆လမ်းကြားရှိ ချောင်းအတွင်းမှ အမှိုက်၊ ဒိုက်နှင့် ဗေဒါများကို PC-200စက်အသုံးပြု၍ ဆယ်ယူရှင်းလင်းနှင့် စက်ယန္တရားများဖြင့် ဆယ်ယူနိုင်ရန် လုပ်သားများက လှေငယ်များဖြင့် ဗေဒါနှင့် ဒိုက်များ တွန်းပို့ဆောင်ရွက်ခြင်းနှင့် ၂၂လမ်းနှင့်၂၆လမ်းကြားတွင် အမှိုက်သိမ်း ဝန်ထမ်းများဖြင့် အမှိုက်၊ ဒိုက်နှင့် ဗေဒါများ သိမ်းဆည်းခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)**

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် သင်္ဂဇာချောင်းအရှေ့ဘက် ချောင်းအတွင်း ဗေဒါနှင့် ဒိုက်များကို လုပ်သားများက ၃၂လမ်းနှင့်၃၃လမ်းကြား ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

သင်္ဂဇာချောင်းသည် ကန်တော်ကြီးအတွင်း စီးဝင်သည့် ချောင်းတစ်ခုဖြစ်ပြီး အလားတူ ရွှေတချောင်းမြောင်း၊ တက်မြောချောင်း၊ ငွေတချောင်းမြောင်း၊ ရေကြည်မြောင်းများသည်လည်း စီးဝင်သဖြင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ချောင်းကို မြောင်းရေနှင့် ဆေးချသည့်နည်း အသုံးပြုဆောင်ရွက်ထားသည်။

ကန်တော်ကြီးသာယာလှပရေးအတွက် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ တာဝန်ရှိသူများသည် ကန်တော်ကြီးတောင်ဘက်ကန်ရှိ ဗေဒါများကို ဘက်ဟိုးစက်တစ်စီးနှင့် လုပ်သား၃၀ ဦး ကမ်းကပ်ဆယ်ယူရှင်းလင်းရာ တန် ၇၀ ခန့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဗေဒါဖြတ်စက်တစ်စီးအသုံးပြု၍ ဖြတ်တောက်ဆောင်ရွက်ရာ တစ်ဧကခွဲခန့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**





## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**သီပေါ ဇွန် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ် ကျန်းမာရေးဦးစီးဌာနက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၌ အခမဲ့ စမ်းသပ်စစ်ဆေးဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် သီပေါမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဦးစီးမှူးဒေါ်ကြည်ကြည်ဆွေနှင့် ကျန်းမာရေးဝန်ထမ်းများက အခြေခံကျန်းမာရေးဆိုင်ရာများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသမှုပေးခြင်း၊ ဆေးဝါးများ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်းနှင့် သီပေါမြို့နယ်တွင် အငြိမ်းစားပင်စင်လစာငွေ ထုတ်ယူသူဦးရေ ၁၂၆၀ ဦးရှိပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လစဉ် ပင်စင်လစာထုတ်ရက်များတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနထံမှ သိရသည်။

**(အပေါ်ပုံ) မြို့နယ်(ပြန်/ဆက်)**



## တစ်ပိုင်တစ်နိုင် အော်ဂဲနစ်နည်းဖြင့် မှိုဖောက်ရောင်းသူများ အဆင်ပြေ

မီးဖိုချောင်အထောက်အကူပြုရေး တစ်ပိုင်တစ်နိုင်အော်ဂဲနစ်နည်းဖြင့် သဘာဝမှိုကဲ့သို့ အနံ့အရသာရှိပြီး ဘေးထွက်ဆိုးကျိုးမရှိ၍ ဈေးကွက်ပေါ် ရောင်းအားကောင်းနေသဖြင့် မှိုဖောက်ရောင်းသူများ အဆင်ပြေကြသည်။

မြေအကျယ်အနည်းငယ်ရှိပါက ရင်းနှီးကုန်ကျစရိတ်နည်း၍ ဈေးကွက်ပေါ်မှာ မှိုတစ်ပိဿာဈေးငွေကျပ် ၁၀၀၀၀ ကျော်နေတာမို့ စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်ပါက အဆင်ပြေတယ်။ အရေးကြီးတာက နည်းစနစ်သိပြီး လုပ်ကိုင်နိုင်မည်ဆိုလျှင် ဓာတုကင်းစင်အနံ့အရသာရှိသော သဘာဝမှိုကဲ့သို့ အလွန်စားကောင်းသော မှိုဟင်းတစ်ခွက်ဖြစ်သလို မှိုစိုက်ပျိုးရောင်းသူတိုင်း အလုပ်အကိုင်အခွင့်အလမ်းရရှိကြမည်ဟု ကိုစိုးတင့်က ပြောသည်။ **(အောက်ပုံ)**

ကသာမြို့တွင် စီးပွားမှိုဖောက်စိုက်ပျိုးသူနှင့် မှိုဖောက်တစ်နိုင်တစ်ပိုင် မှိုစိုက်ပျိုးသူများ ယခင်နှစ်ထက် များလာသော်လည်း ဝယ်ယူစားသုံးမှုရှိနေတာကြောင့် ဈေးကွက်ပေါ်တည်ငြိမ်နေသဖြင့် စိုက်ပျိုးသူတိုင်း ဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။

(၄၅၇)



## ပန်းခင်း(၃)စီမံချက် ကွင်းဆင်းဆောင်ရွက်

**မောက်မယ် ဇွန် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်တွင် "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ပန်းခင်း(၃)စီမံချက်အရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးမှူးရုံးမှ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် ယမန်နေ့ နံနက်ပိုင်းမှစ၍ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဈေးတန်းကျောင်း၌ ကွင်းဆင်း၍ သွားရောက်ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ အ.လ.က(ခွဲ)ဈေးတန်းမှ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် ကျောင်းအုပ်ဆရာမကြီးနှင့်ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများအား ၁၀ နှစ်နှင့်အထက်၊ ၁၈နှစ်ပြည့်၊ ပျောက်၊ ပျက်မိတ္တူနှင့် လဲလှယ်မှတ်ပုံတင်ကတ်ပြားများ လူ ၁၀၀ ဦးခန့် ရှေ့ပြေးပုံစံနှင့် နိုင်-၂ပုံစံများကောက်ယူပြီး လက်ဗွေနှိပ်ယူခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းများ ပြုလုပ်ကာ ရပ်ကွက်အတွင်းရှိ ကျောင်းများသို့ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ ကျန်ရှိနေသေးသည့် အခြေခံပညာကျောင်းများကိုလည်း ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိဦးငွေထွန်းထံက သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**လားရှိုး ဇွန် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်၊ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မန်အိုင်ကျေးရွာအုပ်စု၊ နမ်စံလွယ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေး မြေပြင်အခြေအနေကို ဇွန်၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးအောင်မျိုးဇော်နှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လားရှိုးမြို့နယ်၊ မန်အိုင်ကျေးရွာအုပ်စု၊ နမ်စံလွယ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နိုင်ရေး မြေပြင်ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းကို ဆောင်ရွက်ကြပြီး ကျေးရွာမှတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

လားရှိုးမြို့နယ်၊ မန်အိုင်ကျေးရွာအုပ်စု၊ နမ်စံလွယ်ကျေးရွာ၌ အရှည်ပေ ၅၉၄၀၊ အကျယ် ၁၂ပေ၊ အမြင့်ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အဆိုပါလမ်းပေါ်တွင် ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများကို ပြည်ထောင်စု ရန်ပုံငွေကျပ် ၅၂ ဒသမ ၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရွှေပင်ပေါကုမ္ပဏီက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ စိုက်ပျိုးမြေဧက ၂၅၀ မှ ထွက်ရှိသော သီးနှံများကို ကုန်ကျစရိတ်သက်သာစွာဖြင့် မြို့ပေါ်ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း လားရှိုးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်ထံက သိရသည်။

**(အပေါ်ဝဲပုံ)**

**ကျော်ဇောဦး(မောရှမ်းမြေ)**



## အရှယ်ရောက် တိုက်လိပ်အကောင်(၅၀)ကို ချင်းတွင်းမြစ်အတွင်း အပြီးတိုင်လွှတ်

အရွယ်ရောက်တိုက်လိပ် အထီး၂၅ ကောင်နှင့် အမ ၂၅ ကောင် စုစုပေါင်း အကောင် ၅၀ အား ချင်းတွင်းမြစ်အတွင်းသို့ ဇွန် ၂၃ ရက်က အပြီးတိုင် လွှတ်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ လင်းဖားကျေးရွာအနီးရှိ ချင်းတွင်းမြစ်ရေပေါ်ခြံတွင် ညင်သာစွာ စေလွှတ်ခြင်းစနစ် (Soft Release)ဖြင့် စေလွှတ်ထားသော တိုက်လိပ်များအနက် အရွယ်ရောက်တိုက်လိပ် အကောင် ၅၀ကို လွှတ်လိုက်ခြင်းဖြစ်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ ထမံသီ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဒေသခံပြည်သူများက မြန်မာ့အရွယ်ရောက်တိုက်လိပ်အကောင် ၅၀ ကို ချင်းတွင်းမြစ်အတွင်း အပြီးတိုင်လွှတ်ခဲ့သည်။

တိုက်လိပ်၏ ကျောခွံသည် ရှည်လျား၍ ခုံးပြီး အနောက်ဘက်တွင် အကျယ်ဆုံးဖြစ်ကာ စူးရှသောအလယ်စောင်းမှာ အရွယ်ရောက်သောအခါ အလွန်အမင်းမသိသာတော့ပေ။ အထီး၊ အမ အလိုက် ကျောခွံ၏ အရောင်မှာ ကွာခြားရာ အမသည် အညို (သို့) မီးခိုးရောင်ဖြစ်ပြီး အထီးမှာ ထင်ရှားသော အမည်းရောင်အစင်းကြီး သုံးခုရှိသည်။

အရွယ်ရောက်လိပ်၏ ကျောခွံမှာ ၅၈ စင်တီမီတာထိရှိပြီး ရင်ခွံမှာ အဝါရောင် (သို့) နို့နှစ်ရောင်ဖြစ်ကာ ဦးခေါင်းနှင့် လည်ပင်းသည် အညို (သို့) အစိမ်းရင့်ရောင် ဖြစ်သည်။ ဦးခေါင်းမှာ မကြီးမသေးဖြစ်ပြီး အနည်းငယ်ချွန်ထွက်နေသော နှာယောင်ရှိပြီး မေးရိုးဖျားမှာ ဖျော့သောအရောင် ရှိသည်။

တိုက်လိပ်၏ ပေါက်ဖွားရင်သန်ရာဒေသသည် မြစ်ကြီးနားဖြစ်ပြီး ယခင်က ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်နှင့် ၄င်းတို့၏ မြစ်လက်တက်များတွင် ပျံ့နှံ့စွာ တွေ့ခဲ့ရသော်လည်း ယခုအခါ ချင်းတွင်းမြစ်တွင်သာ ရှားပါးစွာ တွေ့ရတော့သည်။

တိုက်လိပ်သည် အသီးအရွက်စားလိပ်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ သဘာဝအရင်းအမြစ်များထိန်းသိမ်းရေးအဖွဲ့ IUCN Red List တွင် မျိုးသုဉ်းရန် အန္တရာယ်ရှိမျိုးစိတ်အဖြစ် ထည့်သွင်းထိန်းသိမ်းကာကွယ်ထားရှိပြီး မြန်မာနိုင်ငံတွင် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များစာရင်းတွင် ထည့်သွင်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားကြောင်း သိရသည်။ **(အပေါ်ပုံ) (၃၉၄)**

## နွေစပါး(ရွှေသွယ်ရင်)စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၆**

မန္တလေး၊ အမရပူရမြို့နယ် ဆင်ဘိုးကျေးရွာအုပ်စု ကွင်းအမှတ်(၅၆၇)ကွင်း၊ ဦးပိုင်အမှတ်(၅၄/၁)၊ ဧရိယာ ၁ ဒသမ ၉၇ ဧကရှိ တောင်သူ ဦးဇော်မင်း၏ လယ်မြေပေါ်တွင် စိုက်ပျိုးထားရှိသော နွေစပါး (ရွှေသွယ်ရင်) စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မန္တလေးတိုင်းဒေသကြီး၊ မြေစာရင်းဦးစီးဌာန၊တိုင်းမြေစာရင်းဦးစီးမှူးဦးသိန်းဝင်း၊ ခရိုင်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးမျိုးသန့်တင်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဆယ်တင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဦးမြင့်ကြိုင်နှင့် ဝန်ထမ်းများက စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် အစိုအထွက်



တင်း ၁၂၀ ဒသမ ၈၃ ထွက် ရှိကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနရုံးမှ သိရသည်။

**(အပေါ်ပုံ)**

**စိုးသီဟ(အမရ)**

# လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်း ကျင်းပ



**တပ်ကုန်း ဇွန် ၂၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း(Book Club) အဖွဲ့ဝင်များပူးပေါင်းကာ မြို့နယ်အတွင်းရှိ စာဖတ်ဝါသနာပါသူများနှင့်အတူ စာပေဖတ်ရှုသည့် အလေ့အထကောင်းများရရှိစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်း ကျင်းပလျက်ရှိရာ ဆရာမ ခင်ဆွေဦး ရေးသားထားသည့် "အင်ကြင်းရဂုံ"စာအုပ်ကို ယမန်နေ့ ညနေပိုင်းက အဆိုပါဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပသည်။

အဆိုပါ စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ မြို့နယ်စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကြည်(မောင်ကြည်မူ-ပျဉ်းမနား)နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းဝင်းမြင့်(မြကျောက်အေးချမ်း)ဒေါ်သင်းသင်းလှိုင်(သင်းသင်းလှိုင်-တပ်ကုန်း)တို့က စာပေဝါသနာပါသူများနှင့်အတူ ဆရာမ ခင်ဆွေဦးရေးသားထားသည့် "အင်ကြင်းရဂုံ"စာအုပ်ဖြင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တပ်ကုန်းမြို့နယ်ရုံးအနေဖြင့် ပြည်သူများ အသိပညာဗဟုသုတများ ရရှိစေရန်အတွက် Online မှတစ်ဆင့် အသိပညာပေး အစီအစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် စာဖတ်ဝိုင်းများကိုလည်း လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုဒ္ဓလေး

## အလင်းနိဒါန်း ပွင့်စပန်း

* မိုးသောက် ရောင်နီ ပျိုးလေပြီ

အရုဏ်သစ် ပန်းချီ ။

* အလင်းရွှေရည် လက်ဆင့်ကမ်း

နေခြည်လာသော လမ်း ။

* ဖူးငုံ ပွင့်ဖတ် ထပ်ထပ်ဝေ

ပန်းမျိုးတစ်ရာ ပွင့်ပြီလေ ။

* မွှေးနံ့သာတွေ လေမှာမြူး

ရနံ့ဆွတ်ချွေခူး ။

* ကြည်နူးစရာ ရောင်စုံဖြာ

ပန်းပျိုးလက်ရဲ့ ရုပ်ပုံလွှာ ။ ။

**ဌေးကြည်(စလင်း)**




# အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ဝန်ထမ်းများနှင့် တွေ့ဆုံ၊ ငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မန္တလေး ဇွန် ၂၆**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ရှိ ကျောင်းအုပ်ကြီးနှင့်အရာထမ်းများ နည်းပြများ၊ ဝန်ထမ်းများ တွေ့ဆုံပွဲကို ဇွန် ၂၅ ရက် နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါသိပ္ပံကျောင်းအစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီးဦးမြင့်ခိုင်က နိုင်ငံဂုဏ်ဆောင်မျိုးဆက်သစ် အားကစားသမားများပေါ်ထွန်းလာစေရေးအတွက် အားကစားနည်းအလိုက် လေ့ကျင့်သင်ကြားရေးနှင့် ဝန်ထမ်းရေးရာများ ဆွေးနွေးပြောကြားသည်။ ထို့နောက် ဌာနခွဲအလိုက် နည်းပြများက သင်တန်းသား၊ သင်တန်းသူများအား လေ့ကျင့်သင်ကြားရေးနှင့် ဝန်ထမ်းရေးရာများကို ဆွေးနွေးတင်ပြပြီး ကျောင်းအုပ်ကြီးမှ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ကျောင်းအုပ်ကြီးမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အနီးကပ်ကြီးကြပ်ပေးသော ကျောင်းအုပ်ဆရာမကြီးနှင့် အိပ်ဆောင်မှူးနှစ်ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဘော်လီဘောအသင်းတွင် သွားရောက် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းနှစ်အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀နှုန်းဖြင့်လည်းကောင်း၊ အားကစားနှင့်ပညာရေးပေါင်းစပ်အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမ ၂၀ဦးအတွက် ဝတ်စုံစရိတ်တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀နှုန်းဖြင့် ငွေကျပ် ခြောက်သိန်းကိုလည်းကောင်း၊ သင်ထောက်ကူအထောက်အကူပြု BluetoothBox(၃)လုံးအား ကျောင်းအုပ်ဆရာမကြီးထံသို့လည်းကောင်း၊ ဝန်ထမ်းသက်သာဆီ၊ ကြက်ဥနှင့်စပို့ရှပ်အင်္ကျီများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝ၄၅)

# စာရေးဆရာ၊ ပန်းချီဆရာစိုးလှိုင်တင့် 73ကို ဖြတ်သန်းခြင်း ပန်းချီပြပွဲ ကျင်းပမည်

**မန္တလေး ဇွန် ၂၆**

စာရေးဆရာ၊ ပန်းချီဆရာ စိုးလှိုင်တင့်၏ 73ကို ဖြတ်သန်းခြင်း ပန်းချီပြပွဲကို မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၅၇လမ်း၊ ၁၀၃ လမ်းနှင့် ၁၀၄လမ်းကြားရှိ Collector's Soul Art Gallery တွင် ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ ၃ ရက်တိုင် ခင်းကျင်းပြသမည်ဖြစ်ကြောင်း ပန်းချီဆရာ အောင်သန်းညိုထံက သိရသည်။

ဆရာစိုးလှိုင်တင့်သည် မြန်မာမီးရထား ဒုရုံပိုင်ချုပ်ဝန်ထမ်းဘဝဖြင့် အငြိမ်းစားယူထားသည့် စာရေးဆရာတစ်ဦးဖြစ်ပြီး အသက် ၆၉နှစ် ၂၀၂၀ ပြည့်နှစ်မှစ၍ ပန်းချီများ စတင်ရေးဆွဲသည်။ ပန်းချီရေးဆွဲရာ၌ ၄ နှစ်တာကာလအတွင်း ပန်းချီကားများတစ်ထောင်ကျော် ရေးဆွဲဖြစ်ပြီး ၇၃ နှစ်ပြည့်မွေးနေ့အား ဂုဏ်ပြုသောအားဖြင့် ပြပွဲလုပ်ဖြစ်ကြောင်းပန်းချီဆရာ၊ စာရေးဆရာစိုးလှိုင်တင့်ထံက သိရသည်။

ဆရာစိုးလှိုင်တင့်နှင့်ပတ်သက်၍ ပန်းချီဆရာအောင်သန်းညိုက "သူရေးထားတဲ့ ပန်းချီကားတွေ ကြည့်လိုက်တော့ ရေးချင်သလိုရေးထားတယ်။ သူ့မှာဆရာတော့မရှိ၊ မြင်ဆရာတော့ရှိလိမ့်မယ်၊ သူ့ရေးဟန်က တစ်ခါတစ်ရံ အိပ်မက်ဆန်တယ်၊ လွတ်လပ်တယ်၊ ရေဆေးစက္ကူပေါ်မှာ acrylic ဖြင့် ရေးချင်ရေးတယ်၊ ရေဆေးစက္ကူပြတ်သွားလျှင်လည်း ဂျပ်ထူကတ်ပြားပေါ် ရေးချင်ရေးတယ်၊ ဘာပဲဖြစ်ဖြစ် သူ့အသက် ၇၃ နှစ်ရှိပြီမို့ သူလုပ်ချင်သော ပန်းချီပြပွဲလေးကို မိတ်ဆွေအချို့၏ အကူအညီဖြင့် ဝိုင်းဝန်းလုပ်ဆောင်ပေးခဲ့ရခြင်း ဖြစ်ပါကြောင်း" ပြောသည်။ **(ယာပုံ)**

စာရေးဆရာ၊ ပန်းချီဆရာ စိုးလှိုင်တင့်၏ 73 ကို ဖြတ်သန်းခြင်းပြပွဲကို ဇူလိုင် ၁ ရက်မှ ဇူလိုင် ၃ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။(PNT)

73 artist SOEHLAINGTINT ကိုဖြတ်သန်းခြင်း

DAILY SHOW TIME 9AM-5PM, 1ST to 3RD, JULY, 2024






# နွေစပါး စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ရေနံချောင်း ဇွန် ၂၆**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ နွေစပါး(ဆာဖိုးသာ)စံကွက်ရိတ်သိမ်းပွဲကို ဇွန် ၂၄ ရက် ယမန်နေ့ နံနက်ပိုင်းက မာန်မြေကျေးရွာအုပ်စု ဖရဲကျွန်းကျေးရွာကွင်းအမှတ်(၆)၊ ဦးပိုင်အမှတ်(၇၅)တောင်သူဦးဌေးဝင်း၏ လယ်မြေတွင် ကျင်းပရာ နွေစပါးစံကွက်ရိတ်သိမ်းပွဲသို့ ချောက်ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမိုးဇော်နိုင်နှင့် တာဝန်ရှိသူများ၊ ရေနံချောင်းမြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်အားပေးခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဉာဏ်ကျော်က ဦးဆောင်ကာ နွေစပါး(ဆာဖိုးသာ)စံပြကွက်ကို ရိတ်သိမ်းကြရာ တစ်ဧကစပါးအစိုအထွက်နှုန်း ၁၉၅ ဒသမ ၃၁ တင်း ထွက်ရှိသည်။



တစ်ဧကလျှင် စပါးအစိုအထွက်နှုန်း ၁၉၅ ဒသမ ၃၁ တင်း ထွက်ရှိကြောင်းနှင့် အဆိုပါ လယ်မြေတွင် ယမန်နှစ်က စိုက်ပျိုးခဲ့သည့် မနောသုခစပါးမျိုးထက် ၃၀ ရာခိုင်နှုန်း ပိုမိုထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ နွေစပါး(ဆာဖိုးသာ)စပါးမျိုးစံကွက်အား ဖေဖော်ဝါရီ ၂၇ ရက်က စတင်၍ တစ်ဧကစပါးတစ်တင်းနှုန်းပျိုးထောင်ကာ ပင်ကြား ၆ လက်မ၊ တန်းကြား ၈ လက်မဖြင့် ပင်းချောင်းမှ ရေမြောင်းသွယ် စိုက်ပျိုးခဲ့ပြီး နွားချေး ၁၅၀ တင်း၊ သွင်းအားစုအနေဖြင့် ပုလဲနှင့်ဓာတ်မြေဩဇာ ၃ လုံးအသုံးပြုပြီး လုပ်အားခအပါအဝင် စုစုပေါင်းကုန်ကျစရိတ် သုံးသိန်းခန့်ကုန်ကျကာ ဈေးကွက်ကောင်းမွန်ပါက အကျိုးအမြတ်များများ ရနိုင်ကြောင်း တောင်သူဦးဌေးဝင်းထံက သိရသည်။ (၄၇၂)

# အပေါင်းအသင်း

**ချမ်းမြေ့မိုး(မန္တလေး)**

ကျွန်တော်တို့ လူ့လောကထဲကို တစ်ယောက်တည်း လာပြီး တစ်ယောက်တည်း ပြန်ရတယ်ဆိုပေမယ့်လည်း နေ့စဉ်ကာလအတွင်းမှာတော့ တစ်ယောက်တည်းနေလို့မရနိုင်ပါ။ အပေါင်းအသင်းဆိုတာ လိုလာပါတယ်။

ကျွန်တော်တို့ ကျောင်းနေစဉ်တုန်းကလည်း အပေါင်းအသင်း သူငယ်ချင်းတွေရှိခဲ့သလို လုပ်ငန်းခွင်ဝင်တဲ့အခါမှာလည်း အပေါင်းအသင်း သူငယ်ချင်းတွေ တွေ့ခဲ့ပါတယ်။ ဒါပေမယ့်လည်း အဲဒါတွေက နောက်ပိုင်းတော့ ခွဲခွာခဲ့ကြရပြီး အပေါင်းအသင်း သူငယ်ချင်းမဖြစ်ခဲ့ရပေ။ ခဏသာ တွေ့ခဲ့ရတဲ့သူတွေလိုပဲ မှတ်ယူပါ့မယ်။ တစ်နည်းပြောရရင် ဧည့်သည်မျှသာ ဖြစ်ခဲ့ပါတယ်။

တကယ့်အပေါင်းအသင်းဆိုတာ ဘယ်လိုဟာလဲလို့မေးရင် အမှားနဲ့အမှန် ခွဲခြားပြသနိုင်သူ၊ သိမှု၊ ပညာ၊ ဥစ္စာရှာတဲ့နေရာမှာ စိတ်ရင်းကောင်းနဲ့ လမ်းညွှန်ပြသနိုင်သူ၊ ဒုက္ခနဲ့တွေ့ရင် ကိုယ်နဲ့ယှဉ်ပြီး ကူညီဖေးမပေးနိုင်တဲ့သူ၊ ဒီလိုအရည်အချင်းတွေနဲ့ ပြည့်စုံသူကို ဘယ်မှာ သွားရှာရမှာပါလဲ၊ ရေ၊ မြေ၊ တော၊ တောင်သီတာခုနစ်တန်ကို ဖြတ်ကျော်ပြီး ရှာမှာလား၊ လေ့ကားထောင်ပြီး မိုးကောင်းကင်ပေါ်တက်ရှာရမှာလား၊ အဲဒီလိုတွေ ရှာစရာ မလိုပါ။ မိမိတို့ နေထိုင်ရာ ပတ်ဝန်းကျင်တွေမှာ တွေ့နိုင်ပါတယ်။ ရှိနိုင်ပါတယ်။ သတိမမူ ဂူမမြင်ဆိုပေမယ့် သတိမူရင် မြူတောင်မြင်နိုင်တယ်ဆို သလိုပေါ့။ ဒါဆိုရင် အဲဒီလို အရည်အချင်းနဲ့ ပြည့်စုံတဲ့သူကို ဘယ်လိုရှာရမလဲ။

မိမိနဲ့ အမြဲတမ်းသွားလာနေသူတွေထဲမှာ ရှာကြည့်ပါ။ သူတို့နဲ့ စကားပြောကြည့်ပါ။ သူ့စိတ်နေ သဘောထားကို တီးခေါက်ကြည့်ပါ။ သူတို့ရဲ့ ခံယူချက်၊ ယူဆချက်တွေကို နှုတ်ယူကြည့်ပါ။ သူတို့ ပွင့်ကျလာပါလိမ့်မယ်။

အဲဒီအထဲက မိမိနဲ့ တိုက်ဆိုင်တာ နည်းသလား၊ များသလား ဝေခွဲကြည့်ပါ။ အရာဝတ္ထုတစ်ခု ကြည့်တဲ့နေရာမှာ တော်တော်များများ တူနေတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ မိမိနဲ့ ပေါင်းလို့ရနိုင်တဲ့ အပေါင်းအသင်းလို့ ယာယီမှတ်ယူထားလိုက်ပါ။ ထာဝရအပေါင်း အသင်းဆိုတာ ဒီလောက်လေးနဲ့ သတ်မှတ်လို့ မရနိုင်ဘူးလေ ရေရှည်ပေါင်းကြည့်မှပဲ ရနိုင်မယ်မဟုတ်လား။

"ဆန်ဖြူ ဆန်ကောင်း ထောင်းကြည့်မှ သိ၊ လူအကြောင်း ပေါင်းကြည့်မှ သိ ဆိုသလိုပေါ့"။ မိမိနဲ့ အဆိုပါပုဂ္ဂိုလ် ခရီးလမ်းတစ်ခု ရေရှည် လျှောက်လှမ်းကြည့်ပြီးမှသာ ဆုံးဖြတ်တာ မှန်မှာပါ။ ဒါကြောင့် အပေါင်းအသင်းရှာတဲ့နေရာမှာ အလွန်မှ အရေးကြီးလှပါတယ်။ ဘာ့ကြောင့် အရေးကြီးရတာလဲ။

အပေါင်းအသင်းကြောင့် ဂုဏ်တက်၊ အပေါင်း အသင်းကြောင့် ဂုဏ်ပျက်ဆိုတဲ့ အဆိုရှိနေလို့ပါ။ ဟုတ်ပါတယ်။ တချို့အပေါင်းအသင်းတွေရဲ့ ကူညီဖေးမမှုကြောင့် ဆင်းရဲသားဘဝကနေ ကြွယ်ဝချမ်းသာသွားတဲ့ သူတွေရှိသလို တချို့ အပေါင်း အသင်းကြောင့် ဂုဏ်ပျက်၊ ဘဝပျက်ရတဲ့သူတွေ လည်း အများကြီးရှိနေပါတယ်။

အရက်သမားနဲ့ ပေါင်းရင် အရက်သမား၊ မူးယစ်ဆေးသုံးစွဲသူနဲ့ ပေါင်းရင် မူးယစ်ဆေးသမား၊ ဒုစရိုက်သမားနဲ့ ပေါင်းရင် ဒုစရိုက်သမား အများဆုံး ဖြစ်နိုင်ပါတယ်။ တံငါးနားနီး တံငါ၊ မုဆိုးနားနီး မုဆိုးဆိုသလိုပေါ့။ ဒီနေရာမှာ ချွင်းချက်တော့ ရှိနိုင်တာပေါ့လေ။ ကိုယ့်ခေါင်းကောင်းရင် ခေါင်း ဘယ်မှ မရွေ့ဆိုတာမျိုးပေါ့။ မိမိ ဘယ်လိုလူမျိုးနဲ့ပဲ ပေါင်းပေါင်း မိမိ၏ ဆင်ခြင်တုံတရားရှိနေရင် သူတို့လို မဖြစ်နိုင်ဘူးပေါ့။ ဒါပေမယ့်လည်း အဲ့တာမျိုးက ရှားပါတယ်။ ဖြစ်သွားတာတွေက ရာခိုင်နှုန်း များနေတဲ့အတွက် အဲဒီချေပချက်ကိုတော့ လက်ခံဖို့ ခက်ပါလိမ့်မယ်။ စဉ်းစားရပါလိမ့်မယ်။

> အရက်သမားနဲ့ ပေါင်းရင် အရက်သမား၊ မူးယစ်ဆေးသုံးစွဲသူနဲ့ ပေါင်းရင် မူးယစ်ဆေးသမား၊ ဒုစရိုက်သမားနဲ့ ပေါင်းရင် ဒုစရိုက်သမား အများဆုံးဖြစ်နိုင်ပါတယ်။ တံငါးနားနီး တံငါ၊ မုဆိုးနားနီး မုဆိုးဆိုသလိုပေါ့။

ဒီနေရာမှာ အလျဉ်းသင့်လို့ ကျွန်တော့်သူငယ်ချင်းတစ်ယောက်အကြောင်း ပြောချင်ပါတယ်။ သူ့နာမည်က စောနိုင်ပါ။ ကျွန်တော်နဲ့ သက်တူရွယ်တူ၊ မွေးနေ့ပါတူနေတဲ့ သူငယ်ချင်းပါ။ တစ်ရပ်ကွက်ထဲမှာ အတူနေ၊ ကျောင်းနေတော့လည်း အတူတူ၊ အတန်းတက်တော့လည်း အတူတူပါ။

ဒါပေမယ့် သူက စာတော်တယ်။ အတန်းတိုင်းမှာ အဆင့် တစ်၊ နှစ်၊ သုံးက မကျဘူး။ ကျွန်တော်ကတော့ အတန်းလူဦးရေ (၅၀)ရှိရင် ကျွန်တော့် အဆင့်က (၂၅)နဲ့ (၃၀)ကြားမှာပါ။ ရှစ်တန်းအောင်တဲ့နှစ်မှာတော့ သူက သိပ္ပံဘာသာတွဲနဲ့ အောင်ပြီး ကျွန်တော်က ဝိဇ္ဇာဘာသာတွဲနဲ့ အောင်ခဲ့ပါတယ်။ ကျောင်းပြောင်းတော့လည်း တစ်ကျောင်းထဲမှာပဲ ပြောင်းခဲ့ပါတယ်။ အဲဒီကျောင်းက ဝိဇ္ဇာ၊ သိပ္ပံ နှစ်မျိုးတွဲသင်တဲ့ အထက်တန်းကျောင်းကြီးပါ။ ဒါပေမယ့် အတန်းကျတော့ မတူပါဘူး။ သူက တစ်တန်း၊ ကျွန်တော် တစ်တန်းပေါ့။ ကိုးတန်းနှစ်မှာလည်းအတူတူ အောင်ခဲ့ကြတယ်။

(၁၀)တန်းရောက်တဲ့နှစ်မှာတော့ ကျွန်တော့်သူငယ်ချင်း ပျက်စီးခြင်းလမ်းပေါ် စရောက်ခဲ့ပါတယ်။ သူနဲ့ တစ်ခုံထဲထိုင်ရတဲ့သူဟာ ဆေးစွဲနေတဲ့သူ ဖြစ်နေပါတယ်။ ဒါကို သူက မသိဘူးတဲ့၊ နောက်မှ သူနဲ့ အနေများ၊ အသွားများမှ သိလိုက်ရတယ်တဲ့။ အဲဒီအချိန်မှာပဲ ကျွန်တော့်သူငယ်ချင်းလည်း ဆေးစွဲနေပြီဖြစ်ပါတယ်။ ဒီလိုနေလာရင်းက သူတို့နှစ်ယောက်အကြောင်းကို ကျောင်းကဆရာတွေ သိသွားပြီး သူတို့ မိဘတွေကို ခေါ်တွေ့ပြီး ပြန်အပ်ပေးလိုက်ပြီ။ ကျောင်းကနေ အထုတ်ခံလိုက်ရပါတယ်။ သူတို့နှစ်ယောက် ကျောင်းပြင်ပရောက်တော့လည်း မခွဲပဲ အတူတူပဲ မူးယစ်ဆေးတွေ သုံးနေကြတုန်းပါပဲ။ အိမ်က ပိုက်ဆံတွေခိုးပြီး ဆေးဝယ်ကြ၊ ဆေးသုံးကြပေါ့။ ဒီလိုနဲ့ တစ်နေ့မှာတော့ သူတို့နှစ်ယောက် ဆေးသုံးနေရင်း အဖမ်းခံလိုက်ရပြီး ထောင်ကျသွားကြတယ်။ ဒါက အပေါင်းအသင်းကြောင့်ပါ။ ကျောင်းစာမှာ တော်တဲ့၊ ရိုးသားတဲ့၊ ကြိုးစားတဲ့ ကျွန်တော့်သူငယ်ချင်း အခုလို ဘဝပျက်သွားရတာဟာ အပေါင်းအသင်းကြောင့်ပါပဲ။

ကျွန်တော်တို့ မြန်မာ့ရာဇဝင်သမိုင်းမှာ စံထားကြရတဲ့ အမှားကြီးတစ်ခုရှိပါသေးတယ်။ အဲဒါကတော့ ဖခင်ကြီးကို ထောင်သွင်းအကျဉ်းချ၊ ခြေဖဝါးဓားခွဲ ဆားပက်၊ ရှားမီးရဲရဲ ကင်ပြီး မသေမချင်း သတ်ခဲ့လို့ ပဉ္စာနန္တရိယ ကံကြီးထိုက်ပြီး ငရဲကျသွားတဲ့ အဇာတသတ်ဓာတ်ပါပဲ။ ဒါကလည်း အပေါင်းအသင်းမှားခဲ့တဲ့ သာဓကကြီးတစ်ခုပါပဲ။

နောက်တစ်ခုကလည်း ညီအစ်ကိုချင်းတူပေမယ့်လည်း နေရာဒေသနဲ့ အပေါင်းအသင်းကွာဟမှုကြောင့် စရိုက်လက္ခဏာကွာသွားတဲ့ ကျေးညီနောင်ဇာတ်ပါ။ တကယ်တော့ ဒါတွေဟာ အပေါင်းအသင်းကြောင့် မဖြစ်သင့်ဘဲ ဖြစ်သွားကြရတဲ့ အဖြစ်အပျက်တွေပါ။

ကျွန်တော်တို့ လူဆိုတာ တစ်ယောက်တည်း နေလို့မရပါ။ အပေါင်းအသင်းရှိဖို့လိုပါတယ်။ မိမိတို့ဒုက္ခရောက်တဲ့အခါ ကူညီစောင့်ရှောက်မယ့် အပေါင်းအသင်း လိုပါတယ်။ မိမိ စိတ်ဓာတ်ကျ၊ အားငယ်နေချိန်မှာ အားပေးဖော်၊ စကားပြောဖော်၊ အပေါင်းအသင်းလိုပါတယ်။

အပေါင်းအသင်းဆိုတာ လိုအပ်တာမှန်ပေမယ့် "ပေါ့စေလိုလို့ ကြောင်စုပ်ထိုး ဆေးကြောင့် ပိုလေး"မှာကိုလည်း စိုးရိမ်ရပါတယ်။ မိမိအတွက် လိုအပ်တဲ့ အပေါင်းအသင်းကောင်းရဖို့ မိမိရွေးချယ်ရမှာဖြစ်ပါတယ်။

မိမိရဲ့ အသိ၊ ဉာဏ်ပညာ၊ ဗဟုသုတ အပေါ်မှာလည်း မူတည်နေပါတယ်။ လူသားအချင်းချင်း လှည့်ပတ်ခြင်းတွေ ကင်းကြပါစေ။ နှလုံးသားဖြူစင်လို့ စိတ်ရင်းမှန်ကြပါစေ၊ တစ်ဦး ဒုက္ခ၊ တစ်ဦးက မျှယူနိုင်ကြပါစေ။ အချင်းချင်းလက်တွဲပြီး လောကီ၊ လောကုတ္တရာ အလုပ်တွေလည်း လုပ်နိုင်ကြပါစေ။ ဒီလိုစိတ်ဓာတ်မျိုးတွေသာ လူတိုင်းရင်ထဲမှာ ရှိနေမယ်ဆိုရင် အားလုံးဟာ အပေါင်းအသင်းကောင်းတွေပဲ ဖြစ်လာမှာ အသေအချာပါပဲ။ ။

## ရေနံချောင်းမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲများ ကျင်းပ

**ရေနံချောင်း ဇွန် ၂၆**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြို အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲ အခမ်းအနားကို ယမန်နေ့က အခြေခံပညာအထက်တန်း(တွင်းကုန်း)ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အ·ထ·က (တွင်းကုန်း)ကျောင်းအုပ်ဆရာကြီး ဦးရဲဝင်းခိုင်က အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမီအောင်က လူငယ်လူရွယ်တို့အနေဖြင့် မူးယစ်ဆေးသုံးစွဲပါက စိတ်ကျရောဂါဖြစ်ခြင်း၊ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ အာရုံစူးစိုက်မှု လျော့ပါးလာခြင်း၊ မိမိကိုယ်ကို သေကြောင်းကြံခြင်း၊ မိသားစုနှင့် မိမိလုပ်ငန်းအပေါ် စိတ်ဝင်စားမှုလျော့နည်းလာခြင်း၊ ပြင်းထန်စွာ စိုးရိမ်ကြောင့်ကြမှု ဖြစ်ခြင်း စသည့်ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သောကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စူးစမ်းလိုသောကြောင့် လည်းကောင်း၊ အပေါင်းအသင်းကြောင့် လည်းကောင်း လူမှုရေးကိစ္စ အဆင်မပြေသောကြောင့်လည်းကောင်း၊ မူးယစ်ဆေးကို စမ်းသပ်သုံးစွဲခြင်းမှ ရှောင်ကြဉ်ကြရန် အသိပညာပေး ဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုခဲ့ကြပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၄၇၂)**



## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရေကြည်ပေါက်ကျေးရွာ၊ ကွင်းအမှတ်(၆၂၆)၊ ဦးပိုင်အမှတ်(၁၀၉)၊ ဧရိယာ(၂ ဒသမ ၈၀)ဧက အကျယ်အဝန်းရှိ ဒေါ်နွယ်နွယ်ဝင်း၊ ဒေါ်ငွေးငွေးမာ ပုံစံ(၇)အမည်ပေါက် ကိုင်းမြေကွက်နှင့် ဦးပိုင်အမှတ်(၁၀၉/N-၁၁)၊ ဧရိယာ(၀ ဒသမ ၉၆)ဧက အကျယ်အဝန်းရှိ ဒေါ်စက်ခင် အမည်ဖြင့် လုပ်ကိုင်ခွင့်ရရှိထားသော ကိုင်းမြေကွက်(မြေပြင်ရှိ ဧရိယာအရှိအတိုင်း)နှင့် ယင်းမြေကွက်များပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်သူများထံမှ အရောင်းအဝယ်ကတိစာချုပ် အဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ၁။ ဒေါ်နွယ်နွယ်ဝင်း(ဘ) ဦးအေးကျော်(၉/အမရ(နိုင်)၀၅၅၃၇၁)၊ ၂။ ဒေါ်ငွေးငွေးမာ(ဘ) ဦးအေးကျော်(၉/အမရ(နိုင်)၀၅၆၁၁၃)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သက်သက်မာ(LL.B,D.B.L)** | **ဒေါ်ချိုချိုသင်း(LL.B,D.B.L)** | **ဒေါ်ဝေလွင်အောင်(LL.B)** |
| **(စဉ်-၁၂၃၈၀)** | **(စဉ်-၁၃၂၉၉)** | **(စဉ်-၁၁၈၇၁)** |

**တရားလွှတ်တော်ရှေ့နေများ**

**တံခွန်တိုင်၊ ဈေးတန်းရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၄၄၀၁၄၁၉၂၊ ၀၉-၄၀၂၅၅၂၅၂၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၁၂၄)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဂရန်အမှတ်တွဲအမှတ်(၂၄၅၇/၉၁-၉၂)အရ ဒေါ်ခင်နှင်းဝေ အမည်ဖြင့် ချထားပေးသော ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝန်းခြံအကာအရံနှင့်တကွ မြေပေါ်-မြေအောက် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁၀-၆-၂၀၁၃)ရက်စွဲဖြင့် မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းစာချုပ်အရ မေတ္တာဖြင့် ပေးကမ်းခြင်းခံရသူ ဒေါ်ရန်ကြီးလန်(ဘ)ဦးရန်ကြုံးရှင်(၉/မရမ(နိုင်)၀၆၄၆၁၂)မှ တရားဝင်လက်ရှိ လက်ရောက်ပိုင်ဆိုင်ပြီး ၎င်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သန်းဆွေဦး(LL.B)** | **ဒေါ်ဝါဝါအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေများ** |

**ဖိုးလမင်းအိမ်ခြံမြေကုမ္ပဏီ**

**၃၃လမ်း၊ ၇၆လမ်းနှင့်၇၇လမ်းကြား၊ ကဥ္စာမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၇၃၃၁၁၅၊ ၀၉-၄၃၆၅၀၀၀၀**

**ကြော်ငြာစာ**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့မြေတိုးချဲ့(၁)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၈-က/ကျီကုန်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၁၃)၊ ဧရိယာ(၀ ဒသမ ၁၁)ဧကရှိ မြေနေရာအား ဒေါ်မြမြဝင်း အမည်ဖြင့် ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ကော်လိတ္တော်အရာရှိရုံး၏ တောဂရန်အမှတ်တွဲအမှတ်(၁၆၃၃/၁၉၉၀-၁၉၉၁)အရ (၃-၁၀-၁၉၉၀)ရက်နေ့မှ (၂-၁၀-၂၀၂၀)ရက်နေ့အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး မြေငှားဂရန်သက်တမ်းကုန်ဆုံးပြီးဖြစ်ပါ၍ အဆိုပါ မြေနေရာအား ဒေါ်မြမြဝင်း(၉/ပသက(နိုင်)၀၁၆၅၈၃)အမည်ဖြင့် မြေငှားဂရန်သက်တမ်းတိုး ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီဂရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

**ကြော်ငြာစာ**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(စ/၄၉၅)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧကရှိ မြေနေရာအား ဦးသိန်းမောင်(၉/မနမ(နိုင်)၀၁၁၃၆၉) အမည်ဖြင့် ပုသိမ်ကြီးမြို့၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ (၁၈-၄-၁၉၉၂) ရက်စွဲပါစာအမှတ်(၂၁၂/၃-၁၂/မဝတ(ပုသိမ်ကြီး))ဖြင့် တိုးချဲ့မြေကွက်သစ် မြေနေရာချထားခြင်းခံခဲ့ရသည့် မြေကွက်နေရာအား ဦးသိန်းမောင်(၉/မနမ(နိုင်)၀၁၁၃၆၉) အမည်ဖြင့် မြေငှားဂရန် အသစ် ခွင့်ပြုချထားပေးပါရန် ဦးသိန်းမောင်၏ (ကိုယ်စား)ဒေါ်သန်းသန်းမြင့်(၉/မနမ(နိုင်)၀၅၆၁၁၀)မှ လျှောက်ထားလာပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီဂရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

**ကြော်ငြာစာ**

အောင်မြေသာစံခရိုင်၊ မဟ္တရာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၂၈၈-ခ/၂၊ မဟ္တရာအရှေ့)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(ပ-၃/၁)၊ ဧရိယာ(၀ ဒသမ ၀၅၃)ဧကရှိ မြေနေရာအား ဦးစိန်လှမိုး၊ ဒေါ်မူမူဝင်း တို့(၂)ဦးမှ အစဉ်တစိုက် နေထိုင်ပိုင်ဆိုင်ခဲ့ပြီး အဆိုပါ မြေနေရာအား ဦးစိန်လှမိုး(၉/မတရ(နိုင်)၀၀၁၀၅၅)၊ ဒေါ်မူမူဝင်း(၉/မတရ(နိုင်)၁၀၁၇၉၈)တို့(၂)နှစ်ဦး အမည်ဖြင့် မြေငှားဂရန် အသစ် ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီဂရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်း၊ ၇၉လမ်းနှင့် လမ်း၈၀ကြားနေ **Aung Raj The Spares Compayny Limited Company Registration No.124706408** ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

AUNG
RAJ
GENUINE
Spare Part

ကျွန်ုပ်တို့၏မိတ်ဆွေ **Aung Raj The Spares Company Limited** သည် ပူးတွဲဖော်ပြပါ **AUNG RAJ GENUINE Spare Part** အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင် စာချုပ်အမှတ်(၉၂၈/၂၀၂၄)အရ တရားဝင် မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး **AUNG RAJ GENUINE Spare Part** အမည်ဖြင့် သုံးဘီး ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်အပိုပစ္စည်းအမျိုးမျိုး ရောင်းဝယ်၊ ဖြန့်ချိရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ အများပြည်သူများ တစ်ခဲနက် အားပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ အမှတ်တံဆိပ်ဖြင့် သုံးဘီးဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်အပိုပစ္စည်းအမျိုးမျိုး ဖြန့်ဖြူးရောင်းချလုပ်ငန်းသည် **Aung Raj The Spares Company Limited** ၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ်အမည် အမှတ်အသား ဖြစ်ပါကြောင်း၊ အခြားမည်သူ တစ်ဦးတစ်ယောက်ကမျှ အဆိုပါ အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက် ၍ ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်ခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက **Aung Raj The Spares Company Limited** ၏ လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာ ဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မှူးမြင့် |
| **(LL.B)** | **(LL.B)** | **(LL.M)** | **(LL.B)** | **(LL.B)** |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(အေ-၈)၊ ၃၁လမ်း၊ လမ်း၇၀နှင့်၇၁လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အမှတ်တံဆိပ် အသိပေးကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကလေးစက်မှုဇုံ၊ အမှတ်(၁၈)နေ **ဦးယော်ထုံ**(ဘ)ဦးမရိဒ်နော်(၁၃/သပန(နိုင်)၀၃၄၂၀၃) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

MYA NADI KALAY
PURIFIED DRINKING WATER

ကျွန်ုပ်တို့၏မိတ်ဆွေ **ဦးယော်ထုံ** သည် ပူးတွဲဖော်ပြပါ **မြနဒီကလေး** အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်အဖြစ် ပုသိမ်ကြီးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၆/၂၀၀၈)အရ တရားဝင် မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး **မြနဒီကလေး** အမည်ဖြင့် သောက်ရေသန့် ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ အများပြည်သူများ တစ်ခဲနက် အားပေးသုံးစွဲလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ **မြနဒီကလေး** အမှတ်တံဆိပ်ဖြင့် သောက်ရေသန့် ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းသည် **ဦးယော်ထုံ** ၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ်အမည် အမှတ်အသားဖြစ်ပါကြောင်း၊ အခြားမည်သူ တစ်ဦးတစ်ယောက်ကမျှ အဆိုပါ အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်ခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက **ဦးယော်ထုံ** ၏ လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာ ဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မှူးမြင့် |
| **(LL.B)** | **(LL.B)** | **(LL.M)** | **(LL.B)** | **(LL.B)** |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(အေ-၈)၊ ၃၁လမ်း၊ လမ်း၇၀နှင့်၇၁လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

**ကြော်ငြာစာ**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာ(က)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(က/၂၈၃)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧကရှိ မြေနေရာအား ဒေါ်သိန်းမြင့် အမည်ဖြင့် ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ကော်လိတ္တော်အရာရှိရုံး၏ တောဂရန်အမှတ်တွဲအမှတ်(697/1990-1991)အရ (၂၀-၆-၁၉၉၀)ရက်နေ့မှ (၁၉-၆-၂၀၂၀)ရက်နေ့အထိ နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပြီး ဒေါ်သိန်းမြင့်၏ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းခံရသူ ဒေါ်ကြည်ဖြူးထံမှ ဒေါ်စန္ဒာမြင့်သည် ပုသိမ်ကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် အဆိုပါ မြေနေရာအား ဒေါ်စန္ဒာမြင့်(၉/ပသက(နိုင်)၀၀၄၂၉၇) အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုး ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီဂရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

○ ရှေ့ဖုံးမှ

(၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းနှင့် ဓာတုပစ္စည်းများ မြေမြှုပ်ဖျက်ဆီးခြင်းကို နံနက် ၁၀ နာရီခွဲတွင် တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်းနှင့် ထီဖေါင်းကျေးရွာအုပ်စုတို့၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကို၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့မှ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ သူနာပြုသင်တန်းကျောင်းတို့မှ ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသား ကိုယ်စားလှယ်များ၊ မြို့မိ/ မြို့ဖများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစစ်ဆေးစဉ်။

**မီးရှို့ဖျက်ဆီး**

အဆိုပါ မီးရှို့ဖျက်ဆီးပွဲတွင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှ ဖမ်းဆီးရမိသည့် ဘိန်းကီလို ၆၀၀ ကျော်၊ ဘိန်းဖြူ ကီလို ၁၀၃၇ ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၁ သန်းကျော်၊ အိုက်စ် ၄၇၇၁ ကီလိုကျော်၊ ကက်တမင်း ၇၆၄ ကီလိုကျော်၊ ဆေးခြောက် ၂၅၆ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါး ၁၇ မျိုးနှင့် ဓာတုပစ္စည်း ၂၅ မျိုး စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၅၆ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၀၁၃ သန်း)ကို ဖျက်ဆီးခဲ့သည်။

**လှည့်လည်ကြည့်ရှု**

ထို့ပြင် နံနက် ၈ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာ ပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ နှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့် ဆုရရှိသူများနှင့် ပြည်နယ်အဆင့် ဆုရရှိသူများ တက်ရောက်ခဲ့ကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခြင်း၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၏ သဝဏ်လွှာကို ပြည်နယ်မူးယစ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့်ဆုရရှိသူများနှင့် ပြည်နယ်အဆင့် ဆုရရှိသူများကို ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးဆိုင်ရာပြခန်းများအား လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် လှိုင်သာယာအနောက်ပိုင်း ကုန်တင်ယာဉ်ရပ်နားကွင်း၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးစဉ်။

ထို့အတူ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်လှိုင်သာယာအနောက်ပိုင်း ကုန်တင်ယာဉ် ရပ်နားကွင်း၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနား ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ သူနာပြုတက္ကသိုလ်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ရန်ကုန် တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် အမြန်လမ်းရဲတပ်ဖွဲ့တို့မှ ဖမ်းဆီးရမိသော ဘိန်း သုည ဒသမ ၂၆၂ ကီလိုကျော်၊ ဘိန်းဖြူ ၅၆ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၂ သန်းကျော်၊ အိုက်စ် ၉၅၇၄ ကီလိုကျော်၊ ဘိန်းစာမှုန့် ၁၇၇၅ ကီလိုကျော်၊ ကက်တမင်း ၂၃၈၂ ကီလိုကျော်၊ ဆေးခြောက် ၅၄၁ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါး ၂၆ မျိုးနှင့် ဓာတုပစ္စည်း ၁၁ မျိုး စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၈၉ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၈၆ ဒသမ ၈၉ သန်း)ကို ဖျက်ဆီးခဲ့သည်။

**တက်ရောက်**

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ နံနက် ၁၀ နာရီခွဲတွင် ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး မူးယစ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့် ဆုရရှိသူများနှင့် တိုင်းဒေသကြီးအဆင့် ဆုရရှိသူများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားခြင်း၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၏ သဝဏ်လွှာကို တိုင်းဒေသကြီး မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ စာပေ၊ ဂီတ၊ စာမျက်နှာ ၃ သို့ ✻




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစစ်ဆေးစဉ်။